• • • မန္တလေးမြို့ အရှေ့ပြင် • • •

ဓမ္မစကြာ ပဋိပတ်ရိပ်သာတွင်

တရားအားထုတ်ကြသော

# ဓမ္မာစရိယသံဃာအဖွဲ့

မှ

ဘာသာပြန်ဆိုအပ်သော

# ပါယာသိရာဇညသုတ္တန်

နှင့်

ဝိပဿနာ သမ္မသနဉာဏ်

လုပ်ငန်းစဉ်

မူပိုင် သိဒ္ဓိရှင်

ဓမ္မစကြာ သာသနာပြုအဖွဲ့ချုပ်

အမှတ် -၂၀- ကမ္ဘာ့အေးဘုရားလမ်း ရန်ကုန်မြို့

၉၇၁၂

မန္တလေးမြို့၊ အရှေ့ပြင် မင်္ဂလာဥယျာဉ်ရပ် ဓမ္မစကြာ ပဋိပတ်
သာသနာပြု ရိပ်သာတွင်

**ဓမ္မစကြာ-အနတ္တလက္ခဏသုတ်**

သင်တန်းနည်းခံယူကြသော

**ဓမ္မာစရိယ သံဃာအဖွဲ့မှ**

မြန်မာ ဘာသာပြန်သည့်

# ပါယာသိ ရာဇည သုတ္တန်

**နှင့်**

**ဝိပဿနာ သမ္မသန ဉာဏ်အတွက်**

# လက်တွေ့ လုပ်ငန်းစဉ်

---


**ဖြန့်ချိရေးဌာန**

ဓမ္မစကြာ သာသနာပြု အဖွဲ့ချုပ်

ကမ္ဘာအေး ဘုရားလမ်း၊ ရန်ကုန်မြို့။

အုပ်ရေ-၄၀၀၀၊ ၁၃၂၈ ခု၊

ရတနာသိရီ ၄-၁



[illegible] တက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။



သုတ်မဟာဝါ ပါဠိတော်လာ

# ပါယာသိရာဇညသုတ်

## မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

၁။ ကောသလတိုင်း သေတဗျအမည်ရှိသော မြို့သည် သွားရေးလာရေး လွယ်ကူသဖြင့် အပူအအေး မျှတကာ စားသောက်ဘွယ်ရာတို့နှင့် ပြည့်စုံသဖြင့် လူနေ အိမ်ခြေ ပေါများ၍ ဝပြောစည်ပင် သာယာ၏။

ကောသလတိုင်းကို အစိုးရသော ပသေနဒီ ကောသလ မင်းသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်စား ပေးထားသော

ဘိသိက်မသွန်းရသေးသည့် ပါယာသိရာဇည အမည်ရှိသော မြို့စားငယ်သည် သေတဗျမြို့ကို အုပ်စိုး၍ နေလေ၏။

အခါတပါး၌ ကောသလတိုင်း သေတဗျမြို့သို့ အရှင်ကုမာရကဿပသည် နောက်ပါ ရဟန်းငါးရာနှင့် တကွ ဒေသစာရီ ကြွချီတော်မူ၏၊ထိုအခါ သေတဗျမြို့နေ လုပ်သားပြည်သူအပေါင်းတို့သည် အို....အချင်းတို့ ရဟန်းဂေါတမ၏ တပည့်ဖြစ်တော်မူသော အရှင်ကုမာရ ကဿပသည် ကောသလတိုင်းသို့ ရဟန်းငါးရာနှင့် တကွ သေတဗျမြို့၏ မြောက်အရပ် ဖြစ်သော ယင်းတိုက်တော၌ နေတော်မူသတဲ့။

အရှင်ကုမာရကဿပသည် ပစ္စုပ္ပန် သံသရာ အကျိုးစီးပွားကို သိသော ပညာနှင့်ရင်း၊ အရာအထူးထူးတို့၌ လိမ္မာသော ပညာနှင့်ရင်း ကိလေသာတို့ကို ဖျက်ဆီးနိုင်သော ပညာနှင့်ရင်း၊ ပြည့်စုံ၏၊ များသော အကြားအမြင်ရှိ၍ ဆန်းကြယ်သော တရား စကားကို ဟောပြောတတ်၏၊ အသက်အရွယ် ကြီးရင့်သည့် အလျောက် ရဟန္တာဖြစ်၍ ကောင်းသော စကားကိုလည်း ပြောဆိုလေ့ရှိ၏ ဟု အရှင်ကုမာရကဿပ၏ ကျော်စောသတင်း ပျံ့နှံ့ခြင်းသည် ဘဝင်လျှံမျှ ဖြစ်၏၊ ထိုသို့ မြတ်သောအလှူကို ခံခြင်းငှါ ထိုက်တန်သော ရဟန္တာတို့ကို ဖူးမြင်ရပါမူကား ကောင်းလေစွဟု အကြံဖြစ်၏။

ထိုအခါ သေတဗျမြို့၌ နေထိုင်ကုန်သော လုပ်သား ပြည်သူအပေါင်းတို့သည် မြို့မှ ထွက်ကြကုန်၍ ရပ်ကွက် အလိုက် အုပ်စုဖွဲ့ကာ မြောက်အရပ်သို့ မျက်နှာမူ၍ ယင်း တိုက်တော ရှိရာသို့ သွားကြကုန်၏။

၂။ ထိုအခါ ပါယာသိရာဇည အမည်ရှိသော မြို့စား သည် ပြာသာဒ်ထက်၌ နေ့အခါ လျောင်းစက်ရန် တက် ရောက်၏၊ ပါယာသိရာဇည မြို့စားသည် သေတဗျမြို့၌ နေ ကုန်သော လုပ်သားပြည်သူတို့သည် သေတဗျမြို့မှ ထွက်၍ ရပ်ကွက်အလိုက် အုပ်စုဖွဲ့ကာ တပေါင်းတည်းဖြင့် မြောက် အရပ်သို့ မျက်နှာမူကာ ယင်းတိုက်တောရှိရာသို့ သွားကြ ကုန်သော လုပ်သားပြည်သူတို့ကို မြင်၍ အမတ်ကြီးကို မေး၏။

အဘယ်သို့ မေးသနည်း....

အို....အမတ်ကြီး အဘယ်ကြောင့် သေတဗျမြို့နေ လုပ် သားပြည်သူတို့သည် သေတဗျမြို့မှ ထွက်၍ ရပ်ကွက်အလိုက် အုပ်စုဖွဲ့ကာ တပေါင်းတည်း မြောက်အရပ်သို့ မျက်နှာမူ၍ ယင်းတိုက်တောရှိရာသို့ သွားကြကုန်သနည်း ဟု မေး၏။

ရဟန်းဂေါတမ၏ တပည့်ဖြစ်သော အရှင်ကုမာရကဿပ သည် နောက်ပါ ရဟန်းငါးရာနှင့် တကွ ဒေသစာရီ လှည့်လည်လာရာ ကောသလတိုင်း သေတဗျမြို့သို့ ရောက်၍

သေတဗျမြို့၏ မြောက်ဘက် ယင်းတိုက်တော၌ သီတင်း သုံးနေတော်မူ၏။

ထို အရှင်ကုမာရကဿပသည် အသက်အရွယ် ကြီးရင့်၍ ရဟန္တာ ဖြစ်သည့်အလျောက် ဆန်းကြယ်သော တရားစကားကို ပြောဆိုနိုင်သော ဗဟုသုတနှင့် တကွ အရာဌာနအား လျော်စွာ ပစ္စုပ္ပန် သံသရာ အကျိုးစီးပွားကို သိသော ကိလေသာကို ဖျက်ဆီးနိုင်သော ပညာနှင့် ပြည့်စုံ၏ ဟု ကျော်စောသတင်း ပျံ့နှံ့ခြင်းသည် ဘဝင်လျှံမျှ ဖြစ်၏။

ထိုသို့ မြတ်သောအလှူကို ခံခြင်းငှါ ထိုက်တန်သော ရဟန္တာတို့ကို ဖူးမြင်ရခြင်းသည် ကောင်းလေစွတကား ဟု စိတ်အကြံဖြစ်ကာ လုပ်သားပြည်သူအပေါင်းတို့သည် ဖူးမျှော်ခြင်းငှါ သွားကြကုန်၏ ဟု ပြန်ကြား လျှောက်ထား၏။

ပါယာသိရာဇည မြို့စားသည် တပါးသော လောကလည်းရှိ၏၊ သတ္တဝါတို့သည် သေ၍ တဖန် ဖြစ်ပေါ်ခြင်းလည်း ရှိကုန်၏၊ ကုသိုလ်, အကုသိုလ် ကံတို့၏ အကျိုးဝိပါက်သည် ရှိ၏ ဟု အရှင်ကုမာရကဿပသည် မသိမလိမ္မာကုန်သော သေတဗျမြို့နေ လုပ်သားပြည်သူတို့ကို ဟောပြောလိမ့်မည် မဟောပြောမီ....

အို....အမတ် တပါးသော လောကသည် မရှိ၊ သတ္တဝါတို့သည် သေ၍ တဖန် ဖြစ်ပေါ်ခြင်းမရှိကုန်၊ ကုသိုလ်, အကုသိုလ် ကံတို့၏ အကျိုးဝိပါက်သည် မရှိကြောင်းကို အရှင်ကုမာရကဿပအား ပြောဆိုဘို့ရာ လိုက်ခဲ့ပါအံ့၊ သေတဗျမြို့နေ လုပ်သားပြည်သူတို့ကို ဆိုင်းငံ့ပါဦး ဟု ပြောချေဆိုကာ စေလိုက်၏။

၃။ ထိုအခါ၌ ပါယာသိရာဇညမြို့စားသည် သေတဗျမြို့နေ လုပ်သားပြည်သူတို့ ခြံရံလျက် အကြင် ယင်းတိုက်တော ရှိရာ အရှင်ကုမာရကဿပထံသို့ ချဉ်းကပ်၍ အရှင်ကုမာရကဿပနှင့် အတူ ဝမ်းမြောက်စွာ နှုတ်ဆက်၍ အမှတ်တရ ပြောဆိုအပ်သော စကားကို ပြီးဆုံးစေပြီး၍ တခုသော နေရာ၌ ထိုင်နေ၏။

သေတဗျမြို့နေ လုပ်သားပြည်သူ အချို့တို့သည် အရှင်ကုမာရကဿပကို ရိုသေစွာ ရှိခိုး၍ တခုသော နေရာ၌ ထိုင်ကုန်၏၊ အချို့သော သူတို့ကား အရှင်ကုမာရကဿပနှင့် အတူ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်၍ အမှတ်တရ ဖြစ်စေသော စကားကို ပြောဆိုပြီးကာ တခုသော အရပ်၌ နေကုန်၏။

အချို့သော သူတို့သည် အရှင် ကုမာရကဿပ ရှိရာ အရပ်သို့ လက်အုပ်ချီလျက် တခုသော နေရာ၌ နေကုန်၏၊ အချို့သော သူတို့သည် အမျိုးအနွယ်ကို ပြောဆိုလျက်နေ

ကုန်၏၊ အချို့သော သူတို့သည် တိတ်ဆိတ်စွာ နေလျက် ထိုင်နေကုန်၏။

---

## ကံ၊ ကံ၏အကျိုး မရှိသူ

၄။ သင့်ဘင့်သော နေရာ၌ ထိုင်ပြီးသော ပါယာသိရာဇည မြို့စားသည် အရှင်ကုမာရကဿပအား ဤစကားကို လျှောက်၏၊ [တပါးသော လောကသည် မရှိ သတ္တဝါတို့သည် သေ၍ တဖန် ဖြစ်ပေါ်ခြင်းတို့ မရှိကုန်၊ ကုသိုလ်၊ အကုသိုလ် ကံတို့၏ အကျိုး ဝိပါက်သည် မရှိ] ဟု ဤသို့ စကားကို ဆို၍ ဤသို့သော အယူကို ယူလျက် နေ၏ ဟု အရှင်ကုမာရကဿပအား ပြောဆို၏။

ရာဇညမြို့စား.... ငါသည်ကား ဤသို့သော အယူကို ယူ၍ ဤသို့သော စကားကို ဆိုသောသူကို ကြားလည်း မကြားဘူး၊မြင်လည်း မမြင်ဘူးပါ၊ အဘယ်သို့ ဆိုသနည်း တပါးသော လောက စသည်တို့ မရှိကုန် ဟု ဆိုလေ သနည်း။

---

## နေ့၊ လဥပမာ

၅။ ပါယာသိရာဇညမြို့စား ထိုအကြောင်းဖြင့် သင့်အား ငါမေးအံ့၊ ထိုအမေးဖြင့် အချို့သော ဉာဏ်ရှိသော

ပုဂ္ဂိုလ်တို့သည် စကား၏ အဓိပ္ပါယ်ကို သိကုန်၏၊ ထိုအမေး ကို ဖြေလော့။

ယခု မြင်နေရသော လ,နေတို့သည် ဤလောက၌ ဖြစ်ကြသလော၊ တပါးသော လောက၌မူလည်း ဖြစ်ကြသလော၊ထို လ,နေတို့သည် နတ်လော,လူလော ဟု မေး၏။

အရှင်ကဿပ ဤ လ,နေတို့သည် တပါးသော လောက၌ ဖြစ်ကြကုန်၏၊ ဤလောက၌ မဖြစ်ပါကုန်၊ ထို လ,နေတို့သည် လူတို့မဟုတ် နတ်တို့သာ ဖြစ်ကုန်၏ ဟု ဖြေဆို၏။

ပါယာသိရာဇညမင်းစား ဤသို့သော အကြောင်းဖြင့် တပါးသော လောကသည် ရှိ၏၊ သတ္တဝါတို့သည် သေ၍ တဖန် ဖြစ်ပေါ်ခြင်းသည် ရှိကုန်၏၊ ကုသိုလ်,အကုသိုလ်ကံတို့၏ အကျိုးဝိပါက်သည် ရှိ၏ ဟု သင်၏ အယူသည် ဖြစ်စေသလော ဟု ဆို၏၊ အရှင်ကုမာရကဿပသည် ဤသို့ ဆိုသော်လည်း ကျွန်ုပ်၏ အယူသည်ကား ဤအတိုင်း ဖြစ်၏၊ ဤသို့ဖြင့်လည်း တပါးသော လောကသည် မရှိခြင်းစသော အယူသည် ဖြစ်ပါ၏ ဟု လျှောက်၏။

---

## နေ့,လကို ဖြေဆိုခြင်း အဓိပ္ပါယ်

ပါယာသိရာဇညမင်းသည်ကား မှုက်မှောက်ဖြစ်သော ဤဘဝ ဤကိုယ်သာ ရှိ၏၊ မျက်ကွယ်ဖြစ်သော အတိတ်

ဘ၀ အနာဂတ်ဘ၀ မရှိဟူသော ဥစ္ဆေဒဒိဋ္ဌိ ဘ၀သို့ ကျရောက် သက်ဆင်းလျက် တည်ရှိနေသည့် ပုဂ္ဂိုလ်တယောက် ဖြစ်နေလေသည်။

အရှင်ကုမာရကဿပ၊ အရှင်မြတ်က နေ, နှင့်လတို့သည် မျက်မှောက်လောက ဟု ဆိုအပ်သော မျက်စိအမြင်မှာ ထင်ရှား တွေ့နေခြင်းသည် မျက်မှောက်လောက ဟု ဆိုလိုသည်၊ နေဝင်သွား၍ ညဖြစ်ပေါ်လာခြင်းသည် မျက်ကွယ်လောက ဟု ခေါ်ဆိုနိုင်လေရကား မျက်မှောက် နှင့် မျက်ကွယ်တို့သည် တဦးကို တဦးက စွဲ၍ ခေါ်ဆိုထားသောကြောင့် မျက်မှောက်ရှိလျှင် မျက်ကွယ်ရှိနေသောကြောင့် ဒါယကာမင်းကြီး၏ မျက်ကွယ်မရှိ ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိကို ပယ်စွန့်လော-ဟု အမိန့်ရှိတော်မူသည် ဟု မှတ်ရာ၏။

ယခုအခါ ငါတို့၏ မြန်မာ နိုင်ငံတော် ဗုဒ္ဓသာသနာတော်၌ ဥစ္ဆေဒဒိဋ္ဌိခေါ် အဆစ်ပိုး ကျရောက် လျက်ရှိနေသည်မှာ တဘက်သတ် အယူသန် ပုဂ္ဂိုလ်တစုတို့နှင့် သဒ္ဓါတရား နည်းပါးသော လူတစုတို့က မျက်မှောက်လောကသာရှိ၊ မျက်ကွယ်လောကမရှိ၊ မျက်စိနှင့်ကြည့်၍ မြင်နိုင်သော သဘောတရားကိုမှ ယူနိုင်မည်၊ မျက်စိနှင့် ကြည့်၍ မမြင်နိုင်သော အတိတ် အနာဂတ် မျက်ကွယ်တို့ကို မယူနိုင် အတိတ် အနာဂတ်ခေါ် မျက်ကွယ်လောကကို ယူသော

ပုဂ္ဂိုလ်တို့အားလည်း သညာ ဝိညာဏ် အတွေး အခေါ်သမားတွေ ဟု ရှုတ်ချကြလေသည်။

ဤအရှင်ကုမာရကဿပ မိန့်ဆိုချက် ဖြစ်သော နေ့နှင့် လ ဥပမာနှင့် စဉ်းစား ဆင်ခြင်ပါလျှင် မျက်မှောက် ရှိပါက မျက်ကွယ် ရှိနေပါသောကြောင့် ဥစ္ဆေဒဒိဋ္ဌိ အယူသို့ မကျရောက်အောင် အထူး သတိပြုကြစေ လို၏၊ ဥစ္ဆေဒဒိဋ္ဌိသည် နိယတ မိစ္ဆာဒိဋ္ဌိ ကံကြီး သုံးပါး၏၊ ရှေ့သွား ဖြစ်သော ဒိဋ္ဌိဖြစ်၍ အပါယ် လေးပါးသို့ ကျရောက်ရန် နဖါးကြိုး ထိုးသည်နှင့် အလွန်တူလှပါကြောင်း အလေးအနက် စဉ်းစား ကြလေ။

ပါယာသိရာဇညမြို့စား သင် ဤကဲ့သို့ ယူခြင်း၏ အကြောင်းသည် ရှိသလော၊ ထိုအကြောင်းကား အဘယ် နည်းဟု မေး၏။

အရှင်ကဿပ အကြောင်းကား....

ဤလောက၌ ကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်းတို့ သည် သူ့အသက်ကို သတ်ကုန်၏၊ သူ၏ ဥစ္စာကို ခိုးယူ ကြကုန်၏၊ မှားသော မေထုန်အမှုကို ကျင့်ကြကုန်၏၊ မဟုတ်မမှန်သော စကားကို ပြောဆိုကြကုန်၏၊ ဂုံးတိုက် သော စကားကို ပြောဆိုကြကုန်၏၊ ကြမ်းတမ်းသော

စကား၊ ပြိန်ဖျင်းသော စကားတို့ကို ပြောဆိုကြကုန်၏၊ မှားသော အယူရှိ၍ တပ်မက်မောခြင်း ပျက်စီးစေလိုခြင်း ရှိကုန်၏။

ထိုသူတို့သည် တပါးသော အခါ၌ ရောဂါဖိစီး ဗျာပါဒမီး နှိပ်စက်၍ ဆင်းရဲ ပြင်းပြင်းစွာ ခံစားရကုန်၏၊အကြင် အခါ၌ ကျွန်ုပ်သည် သိ၏၊ ထိုသူတို့သည် သေခြင်းသို့ ရောက်ကုန်လတံ့၊ ကျွန်ုပ်သည် ထိုသူထံသို့ ချဉ်းကပ်၍ ဤစကားကို ဆို၏။

အချင်းတို့....

အချို့ ရဟန်းပုဏ္ဏားတို့ ဟောပြောသည့် အတိုင်း ဆိုလျှင် သင်တို့သည် သေပြီးသည်၏ နောက်အခါ၌ အပါယ်ငရဲသို့ ရောက်ကုန်လတံ့ဟု ဆိုကြကုန်၏၊ထို ရဟန်း ပုဏ္ဏားတို့၏ စကား မှန်ခဲ့သော် သင်တို့ သေပြီးသည်မှ နောက်၌ ချမ်းသာ ကင်းသော ငရဲဘုံသို့ ရောက်ကုန် ငြားအံ့၊ အကြင်အခါ၌ ငါ့အားလာ၍ ပြောကြားပါကုန်လောဟု မှာလိုက်၏။

အရှင်ကဿပ....ဤသို့ တဖန်လာ၍ မပြောကြားခြင်းကြောင့် တပါးသော လောကသည် မရှိခြင်း စသော အယူကို ယုံကြည်၏ဟု လျှောက်၏။

## နိုးသူ ဥပမာ

၆။ မြို့စား....သင့်ကို တဖန် ပြန်၍ မေးဦးအံ့၊ သင် နှစ်သက်သည့် အတိုင်း ဖြေဆိုပါလော၊ သင်၏ နယ်အတွင်း၌ သူခိုး ဓါးပြတို့ကို ဖမ်းဆီးမိ၍ မြို့စားအား ပြကုန်ရာ၏၊ သင်သည် ထိုသူအား အပြစ်အား လျော်စွာ သူသတ်ကုန်း၌ သွားရောက် သတ်စေကုန်လောဟု အမိန့်ပေးရာ၏။

မင်းချင်း ယောကျ်ားတို့သည် ကောင်းပါပြီဟု ဝန်ခံ၍ သူသတ်ကုန်းသို့ ခေါ်ဆောင်သွား၏၊ လမ်းတွင် ထိုလူဆိုးက အို.... အချင်းတို့ ဤမည်သော ရွာနိဂုံး၌ အဆွေခင်ပွန်း သားချင်းတို့သည် ကျန်ရစ်ကုန်၏၊ စကား အရပ်ရပ်တို့ကို မှာကြား ပြောဆိုရန် ခေတ္တ အိမ်သို့ ပြန်ခွင့်ပြုပါဟု တောင်း ဆိုသော် ခွင့်ပြုကြပါမည်လောဟု မေး၏။

ပါယာသိရာဇည မြို့စားကြီးက အရှင်ကဿပ ခွင့်ပြုကြမည် မဟုတ်ပါဘုရား၊ စင်စစ်သော်ကား ငိုကြွေးမြည်တမ်း စဉ် သူသတ်တို့သည် ထိုသူ၏ ဦးခေါင်းကို ဖြတ်ကုန်ရာ၏ဟု လျှောက်၏။

အို....မြို့စား လူသား အချင်းချင်းပင် ခွင့်တောင်းလို့ မရပါဘဲလျက် ငရဲသို့ ရောက်ကုန်သည် ရှိသော် ငရဲထိန်းတို့ကို အရှင် ငရဲထိန်းတို့.... ကျွန်ုပ်တို့သည် မြို့စားထံသို့ သွား၍ ဤအကြောင်းကြောင့် တပါးသော လောက စသည် ရှိ

ကြောင်းကို ပြောဆိုရန် ဆိုင်းငံ့ပါကုန်လောဟု အဘယ်မှာ လျှင် ခွင့်ပန်၍ ရရာအံ့နည်း၊ မြို့စား.... ဤအကြောင်းဖြင့်လည်း သင်၏အယူကို စွန့်လောဟု ဆို၏။

၇။ အရှင်ကဿပ....အကြောင်းကား ရှိပါသေး၏၊ ဤလောက၌ ကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်းတို့သည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ မှားသော မေထုန်အမှုကို ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ် မမှန်သော စကား၊ ကုန်းတိုက်စကား၊ ကြမ်းတမ်းသော စကား၊ ပြိန်ဖျင်းသော စကားတို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ မှန်သော အယူရှိ၍ တပ်မက်မောခြင်း ပျက်စီးစေလိုခြင်း စိတ်မရှိကုန်၊ ထိုသူတို့သည် နောင်အခါ၌ ရောဂါဖိစီး၍ ဆင်းရဲခြင်းသို့ ရောက်ကုန်ကာ ပြင်းထန်စွာ ခံစားရကုန်၏၊ ထိုသူတို့သည် ဤရောဂါမှ မသက်သာကုန်လတ္တံ့ဟု သိသောအခါ ကျွန်ုပ်သည် ထိုသူတို့ထံ သွား၍ ဤသို့ ပြောဆို မှာထားပါ၏။

အချင်းတို့....အချို့သော ရဟန်း ပုဏ္ဏားတို့သည် ဤသို့ ပြောဆိုကာ ယူလေ့ရှိကုန်၏၊ အချင်းတို့ကား သူ့အသက်သတ်ခြင်းစသော မကောင်းမှုတို့မှ ရှောင်ကြဉ်၍ မှန်သော အယူရှိကာ ပျက်စီးစေလိုခြင်း မရှိကုန်။

အချင်းတို့....ဤခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော သူတို့၏ လားရာ နတ်ပြည်သို့ ရောက်ကုန်

လတ်။ အကယ်၍ နတ်ပြည်သို့ ရောက်ကုန်သည် ရှိသော် ငါ့ထံလာ၍ ပြောကြားပါကုန်လော့၊ အချင်းတို့သည် ငါ၏ ယုံကြည် ကိုးစားသူများ ဖြစ်ကုန်၍ အချင်းတို့သိမြင်သော အရာသည် ငါကိုယ်တိုင် သိမြင်သကဲ့သို့ ဖြစ်ပါလတ့်ဟု ပြော ဆို၏၊ ထိုသူတို့သည် ကောင်းပါပြီဟု ဝန်ခံပြီးလျှင် လာ၍ လည်း မပြောကြားပါကုန်၊ တဆင့်စကားလည်း မမှာ ကြားကြပါကုန်။

အရှင်ကဿပ....ယခု ဆိုခဲ့သည့် ပုံဝတ္ထုကို ထောက်သော အားဖြင့် ကျွန်ုပ်၏ အယူသည် ဤသို့ဖြစ်ပါ၏၊ဤအကြောင်း ဖြင့် တပါးသော လောကစသည်တို့ မရှိကြောင်းကို စွဲမြဲစွာ ယူထားပါသည်ဟု လျှောက်၏။

---

## မစင်တွင်း၌ ကျရောက်သော ဥပမာ

၈။ မြို့စား....ဤသို့ဖြစ်လျှင် ဥပမာဖြင့် သင့်အားမေး အံ့၊ ဤလောက၌ အချို့သော ဉာဏ်ရှိကုန်သော သူတို့သည် စကား၏ အဓိပ္ပါယ်ကို သိကုန်၏။

မြို့စား....ဥပမာသော်ကား....

ယောကျ်ား တယောက်သည် မစင်တွင်း၌ ဦးခေါင်းနှင့် တကွ နစ်မြုတ်နေသည်ကိုမြင်၍ ထိုအခါသင်သည် မင်းချင်း ယောကျ်ားတို့ကို အချင်းတို့....ထိုယောကျ်ားကိုမစင်တွင်းမှ

ထုတ်ယူကုန်၍ ပေကျံနေသော မစင်ကို ဝါးခြမ်းစိတ်တို့ဖြင့် ကောင်းစွာသုတ်သင်ကာမြေဖြူမှုန့်တို့ဖြင့်သုံးကြိမ်တိုင်အောင် ကောင်းစွာ ပွတ်တိုက်ပြီးလျှင် ကသဲမှုန့်ဖြင့် သုံးကြိမ် ဆေးကြောခြင်းကို ပြုကုန်လော၊ ဆံမုတ်ဆိတ်တို့ကို သန့်ရှင်းပြီးလျှင် အဘိုးထိုက်သော ပန်းနံ့သာတို့ကို တန်းဆာဆင်စေလျက် အဘိုးထိုက်သော အဝတ်တို့ကို ဝတ်ဆင်စေကုန်လော ဟု စေခိုင်းရာ၏။

မင်းချင်းတို့သည် ထိုဆိုတိုင်း ပြုကုန်၏၊ အချင်းတို့ ထိုယောကျ်ားကို ပြာသာဒ်ထက်သို့ တင်၍ ကာမဂုဏ် ငါးပါးတို့ကို ခံစားစေကုန်ရာ၏။

မြို့စား....ယခု မေးလတ့်သော စကားကို အဘယ်သို့ မှတ်ထင်သနည်း၊ ကောင်းစွာ သန့်ရှင်းပြီး တန်းဆာဆင်ကာ ပြာသာဒ်ထက်၌ ကာမဂုဏ် ငါးပါးတို့ဖြင့် ခံစား၍နေရသော ထိုယောကျ်ားအား ထိုမစင်ထွင်း၌ တဖန် နစ်မြုတ်လိုသော ဆန္ဒ ရှိပါသေးသလောဟု မေး၏။

အရှင်ကဿပ ထိုသို့ ဆန္ဒမရှိတော့ပါ၊ အဘယ်ကြောင့်ဆိုသော် မစင်တွင်းတို့ မည်သည် ညစ်ညမ်းသည် ဖြစ်၍ နံစော်ကာ စက်ဆုပ် ရွံရှာဖွယ် ဖြစ်၏ဟု လျှောက်၏။

မြို့စား ဤအတူပင် လူတို့သည် နတ်တို့နှင့် နှိုင်းစာလျှင် ညစ်ညမ်းသည် ဖြစ်၍ နံစော်ကာ စက်ဆုပ် ရွံရှာဖွယ် သဘောသို့ ရောက်၏၊ ယူဇနာ တရာ မိုင်ခြောက်ရာ ငါးဆယ်

(၆၅၀) ကျော်ကပင် လူတို့၏ အနံ့ကို နတ်တို့က မခံနိုင်၊ သို့ဖြစ်၍ သူ့ အသက်ကို သတ်ခြင်းစသော မကောင်းသော အမှုတို့မှ ရှောင်ကြဉ်၍ ကောင်းသော အမှုတို့ဖြင့် ပွားများ အားထုတ်၍ နေလေ့ရှိကုန်သော သူတို့သည် သေပြီးသည့်မှ နောက်၌ ကောင်းသော သူတို့၏ လားရာ နတ်ပြည်သို့ ရောက်ကုန်သည် ရှိသော် ဤအကြောင်းကို ထောက်၍ တပါးသော လောက စသော အယူသည် ရှိ၏ဟု အဘယ်မှာ လာ၍ ပြောကြားကုန်အံ့နည်း။

မြို့စား ဤအကြောင်းဖြင့် သင်၏ အယူကို စွန့်လော ဟု မိန့်ဆို၏။

အရှင်ကဿပ ဤသို့ ဆိုသော်လည်း ဤအရာ၌ ကျွန်ုပ်၏ အယူကို မစင်နိုင်သေးပါဟု လျှောက်၏။

၉။ မြို့စား သင့်မှာ ဘယ်အကြောင်း ရှိနေပါသေး သနည်းဟု မေး၏။

အရှင်ကဿပ အကြောင်းကား ဤလောက၌ ကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်းတို့သည် ကောင်းမှု ကုသိုလ်တို့နှင့် သာလျှင် ပျော်မွေ့လျက် အသက်ထက်ဆုံး နေထိုင်ကြကုန်၏၊ နောင်အခါ၌ ရောဂါနှိပ်စက်၍ ဆင်းရဲ ပြင်းထန်စွာ ခံစားရကာ သေခြင်းသို့ ရောက်ကုန်လတ့်ဟု သိသော ကျွန်ုပ်သည် ထိုသူတို့ထံ ချဉ်းကပ်၍ ဤသို့ ပြောဆို မှာထားပါ၏။

အချင်းတို့ အချို့သော ရဟန်း ပုဏ္ဏားတို့ ပြောဆို ယူလေ့ရှိသည့်အတိုင်း သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့၏ လားရာ တာဝတိံသာ နတ်တို့၏ ဘုံသို့ ရောက်လတံ့ဟု ပြောဆိုယူလေ့ရှိသော စကားသည် အကယ်၍ မှန်ခဲ့လျှင် သေပြီးသည့် နောက်၌ တာဝတိံသာ ဘုံသို့ ရောက်ခဲ့သော် ငါ့ထံသို့ လာ၍ ပြောကြားပါကုန်လော။

ထိုသူတို့သည် ကောင်းပါပြီဟု ဝန်ခံပြီးလျှင် လာ၍ မပြောကြား၊ တဆင့်လည်း မမှာကြားပါကုန်၊ ဤပုံ ဝတ္ထုကို ထောက်သောအားဖြင့် ကျွန်ုပ်၏ အယူကို မစွန့်နိုင်ပါဟု လျှောက်၏။

---

## တာဝတိံသာနတ် ဥပမာ

၁၀။ မင်းကြီး သို့ဖြစ်လျှင် သင့်အား ပြန်၍မေးအံ့၊ သင်နှစ်သက်သလို ဖြေလော့၊ မင်းကြီး လူ့ပြည်၌ အနှစ်တရာသည် တာဝတိံသာ နတ်တို့၏ တနေ့ တညဥ့်ဖြစ်၏၊ ထိုနေ့ ညဥ့် သုံးဆယ် (၃၀) သည် တလဖြစ်၏၊ ထို တဆယ်နှစ်လ (၁၂) လသည် တနှစ် ဖြစ်၏၊ ထိုသို့သော နှစ်ဖြင့် နတ်ပြည်၌ ဖြစ်သော အနှစ် တထောင် (၁၀၀၀) သည် တာဝတိံသာ နတ်တို့၏ အသက်တမ်း မည်၏။

သင်၏ အဆွေခင်ပွန်း သားချင်းတို့သည် ကောင်းမှု ကုသိုလ်တို့နှင့် သာလျှင် မွေ့လျော်လျက် ခန္ဓာကိုယ်ပျက်စီး သည်မှ နောက်၌ တာဝတိံသာ နတ်ဘုံသို့ ရောက်ကုန်သော သူတို့အား အကယ်၍ အကြံဖြစ်အံ့၊ ငါတို့သည် နတ်၌ ဖြစ် သော ကာမဂုဏ် စည်းစိမ်ချမ်းသာကို နှစ်(၂)ရက် သုံး(၃) ရက် ခံစားဦးအံ့၊ ထိုနောက်မှ ငါတို့သည် ပါယာသိရာဇည မြို့စားထံ သွား၍ တာဝတိံသာ နတ်ပြည် အကြောင်း ကို ပြောကြားကုန်အံ့ဟု အကြံဖြစ်သည့် အတိုင်း ထိုသူတို့ လာ၍ ပြောကြားနိုင်ကုန်ရာသလော။

အရှင်ကဿပ မပြောကြားနိုင်ကုန်ပါ၊ အမှန်အားဖြင့် ကျွန်ုပ်တို့သည် ကြာမြင့်စွာ အခါကာလကပင် သေပြီး ဖြစ် ကုန်ရာ၏၊ တာဝတိံသာ နတ်တို့သည် ရှိကုန်၏ ဟူ၍ရင်း၊ အသက် ရှည်ကုန်၏ ဟူ၍ပင်း၊အရှင်ကဿပအား အဘယ်သူ သည် ပြောကြားပါသနည်း၊ ဤသို့ဆိုသော အရှင်၏ စကား ကို ကျွန်ုပ်တို့ မယုံကြည်ပါကုန်ဟု လျှောက်၏။

---

## ဝမ်းတွင်း ကန်းသော ဥပမာ

၁၁။ မြို့စား ပုံပမာသော်ကား အမိဝမ်းတွင်းမှ ကန်း ခဲ့သော ယောကျ်ားသည် အမည်း အဖြူ အညို အရွှေ အနီ မောင်းသော အဆင်းတို့ကို မမြင်ရာ၊ ညီညွတ် ပြေပြစ်သည်

ကိုလည်း မမြင်ရာ၊ ကြယ်တာရာ အရောင်တို့နှင့် လ,နေ တို့ကို မမြင်ဘူး၍ ဤသို့ ပြောဆိုရာ၏။

အမည်း အဖြူ အညို အရွှေ အနီ မောင်းသောအဆင်းတို့ကို မြင်သော သူတို့သည် မရှိကုန်၊ ညီညွတ် ပြေပြစ်သော အရာ ကြယ်တာရာ အရောင်တို့နှင့် လ,နေ တို့ကို မြင်သော သူတို့သည် မရှိကုန်၊ ငါသည်လည်း မမြင်ဘူးချေ၊ ထို့ကြောင့် ထိုအရာတို့သည် မရှိဟု ပြောဆိုရာ၏၊ မြို့စား ဝမ်းတွင်းကန်းက ထိုသို့ ဆိုခြင်းသည် မှန်ရာ သလောဟု မေး၏။

အရှင်ကဿပ မမှန်ပါ၊ ဤ အမည်း အဖြူ စသော အဆင်းတို့ကို မြင်သော သူတို့သည် ရှိပါကုန်၏၊ ထိုသို့ရှိပါကုန်လျက် ကျွန်ုပ် မမြင်ဘူးပါ၊ ထို့ကြောင့် မရှိဟု ဆိုအံ့၊ ယင်းသို့ ဆိုသော် ထို ဝမ်းတွင်းကန်းသည် မှန်သည် မမည်ပါဟု လျှောက်၏။

မြို့စား ဤအတူ သင် ပြောသော စကားကြောင့် သင်သည် ဝမ်းတွင်းကန်း ကဲ့သို့ ဖြစ်မည်မှာ ထင်ရှားလှပေ၏၊ သင်၏ မံသစက္ခုဖြင့် တပါးသော လောကကို မြင်အပ်သည်ဟု မမှတ်အပ်၊ အကြင် အရိယာ ရဟန်းတို့သည် ရွာမှ ဝေးကွာသော ဆိတ်ငြိမ်ရာ တောကျောင်းသို့ ကပ်လျက် မမေ့မလျော့သော သတိဖြင့် ပြင်းထန်သော အားလုံ့လရှိကာ

တည်ကြည်သော စိတ်ရှိကုန်သည် ဖြစ်၍ တောကျောင်း၌ နေကုန်သော အရိယာ ရဟန်းတို့သည် ဒိဗ္ဗစက္ခု အဘိညာဏ်ကို ဖြစ်စေကုန်၏၊ အထူးသဖြင့် ဖြစ်သော လူတို့၏ အမြင်ထက် လွန်သော နတ်မျက်စိနှင့် တူသော ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် တာဝတိံသာ နတ်ပြည်ကို မြင်ကုန်၏။

မြို့စား သင် ထင်သကဲ့သို့ ဤမံသစက္ခုဖြင့် မြင်အပ်သည်ဟု မမှတ်အပ်၊ တပါးသော လောက စသည်သည် ရှိ၏ဟူ၍ ယုံကြည်ကာ သင်၏ အယူကို စွန့်လောဟု ဆို၏။

၁၂။ အရှင်ကဿပ ဤသို့ဆိုသော်လည်း အယူကိုမစွန့်နိုင်ပါ၊ အကြောင်းကား ဤလောက၌ သီလအကျင့် ရှိကုန်သော အသက်ရှည်၍ ချမ်းသာကို အလိုရှိကုန်သဖြင့် ဆင်းရဲခြင်းကို စက်ဆုပ်ကုန်သော အရိယာ ရဟန်းတို့ကို တွေ့မြင်ရ၍ ငါတို့ သေကုန်သော် သီလစသော ကောင်းသော အကျင့်ဂုဏ်တို့ကြောင့် တမလွန် ဘဝ နတ်စည်းစိမ်သည် ယခုဘဝထက် မြတ်သည်ဟု သိကုန်ငြားအံ့ ဤ အရိယာ ရဟန်းတို့သည် အဆိပ်စား၍၎င်း၊ ကြိုးဆွဲချ၍၎င်း၊ ဓါးလက်နက်ဖြင့် သတ်၍၎င်း၊ ကမ်းပါးပြတ်၌၎င်း ခုန်ချ၍သေကုန်ရာ၏။

ဤ အရိယာ ရဟန်းတို့သည် မွန်မြတ်သော ဘဝကို ရောက်လတံ့ဟု မသိကုန်သောကြောင့် မိမိကိုယ်ကို မသတ်ကုန်ဟု အကြံ ဖြစ်ပါ၏၊ အရှင် [illegible]

၉၈၁၂
စာကြည့်တိုက်
ကမ္ဘာအေး

ဝတ္ထုကို ထောက်သောအားဖြင့် ကျွန်ုပ်အယူ ဖြစ်ခြင်း၏ အကြောင်းဖြစ်ပါသတည်းဟု လျှောက်၏။

---

## ကိုယ်ဝန်ဆောင် ဥပမာ

၁၃။ မြို့စား ဥပမာဖြင့် သင့်အား မေးအံ့၊ အချို့သော ဉာဏ်ရှိကုန်သော သူတို့သည် သိကုန်၏၊ ရှေး၌ ဖြစ်ဘူးသည်ကား ပုဏ္ဏားတယောက်အား မယားနှစ်ယောက် ရှိ၏၊ မယားတယောက်၌ ဆယ် (၁၀) နှစ် အရွယ် သားငယ် တယောက် ရှိ၏၊ မယားတယောက်၌ မွေးဖွားခါနီး ကိုယ်ဝန်ကြီးနှင့် ဖြစ်၏၊ ထိုအခါတွင် ပုဏ္ဏား သေသဖြင့် ဆယ် (၁၀) နှစ်သား သူငယ်က မိထွေးထံ၌ မိဘ အမွေ ဥစ္စာတို့ကို တောင်းလေ၏။

ထိုအခါ မိထွေးက ချစ်သား ငါဖွားသည် တိုင်အောင် ဆိုင်းငံ့ဦးလော့၊ သတို့သား ဖွားလျှင် ဂက်ဝက် ပေးရလတံ့၊ သတို့သမီး ဖွားလျှင် သင်၏ အလုပ်အကျွေး ဖြစ်လတံ့ဟု ဆိုသတဲ့၊ ဆယ်နှစ်သား သူငယ်က နှစ် (၂) ကြိမ် သုံး (၃) ကြိမ် တိုင်အောင် မဆိုင်းဘဲ တောင်းလွန်းသဖြင့် အမိ၏ ရန်သူ ဖြစ်သော မိထွေး ပုဏ္ဏေးမသည် အခန်းတွင်း ဝင်၍

သတို့သား ဖွားမည်လော သတို့သမီး ဖွားမည်လောဟု သိလို ဆဇာဖြင့် ဝမ်းပိုက်ကို ဓါးလက်နက်ဖြင့် ခွဲလေ၏။

ထို ပုဏ္ဏေးမသည် မသင့်သော နည်းဖြင့် အမွေဥစ္စာကို ရှာခြင်းကြောင့် မိမိကိုယ်ကိုရင်း၊အသက်ကိုရင်း၊ဥစ္စာနှစ်ကို ရင်း ပျက်စီးစေ၏၊ မလိမ်မာ၍ အဆင်ခြင် ကင်းမဲ့စွာ အမွေ အနှစ်ကို ရှာသည် ဖြစ်၍ ပျက်စီးခြင်းသို့ ရောက်ရသကဲ့သို့ သီလ, သမာဓိ ရှိကုန်သော အရိယာ ရဟန်းတို့သည် မရင့် သောအသက် မကုန်သော အသက်ကို မဖျက်ဆီးကုန်၊ အသက်ရင့်ခြင်းကို ဆိုင်းငံ့ကြ၏။

အရိယာ ရဟန်းတို့၏ အသက် ရှည်ခြင်းသည် ပညာရှိ သူတို့ကို ကုသိုလ် တိုးပွားစေ၍ များစွာသော နတ်တို့၏ ကောင်းကျိုး ပွားစေခြင်းငှါ ကျင့်သူတို့ ဖြစ်ကုန်၏။

မြို့စား သင် ထင်သကဲ့သို့ မမှတ်အပ်၊ တပါးသော လောက စသည်သည် ရှိ၏ဟူ၍ ယုံကြည်ကာ သင်၏ အယူကို စွန့်လောဟု ဆို၏။

၁၄။ အရှင်ကဿပ ဤသို့ ဆိုသော်လည်း ကျွန်ုပ်၏ အယူကို မစွန့်နိုင်ပါ၊ အကြောင်းကား ဤလောက၌ ကျွန်ုပ် ၏ မင်းချင်း ယောကျာ်းတို့သည် အပြစ် လွန်ကျူးကုန် သော ခိုးသူတို့ကို ဖမ်း၍ ဤသူအား ပေးလိုသော အပြစ် ဒဏ်ကို ပေးပါလောဟု ပြပါကုန်၏။

အချင်းတို့ ဤခိုးသူအား အရှင်လတ်လတ် အိုးကြီး၌ ထည့်စေ၍ အိုးဝကို ပိတ်ပြီးလျှင် စိုသော သားရေဖြင့် ပတ်ခြင်း ရွှံ့လိမ်းခြင်း ပြုစေ၍ မီးတိုက်စေပါလောဟု ဆို၏၊ ထို မင်းချင်းတို့သည် ကောင်းပါပြီဟု ဝန်ခံပြီးလျှင် ဆိုသည့်အတိုင်း ပြုကြကုန်၏။

ထိုခိုးသူ သေပြီဟု သိသောအခါ အိုးကြီးကို ဖြေးညှင်းစွာ ဖွင့်စေ၍ အသက်ထွက်သည်ကို မြင်ရအောင် ကြည့်ရှုကြပါကုန်၏၊ ထိုသူ အသက်ထွက်သည်ကို ဘယ်သူမှ မမြင်ရပါကုန်၊ အရှင်ကဿပ ဤသို့ဆိုခဲ့သော ပုံဝတ္ထုဖြင့် ကျွန်ုပ်၏ အယူကို မစွန့်နိုင်ပါဟု လျှောက်၏။

---

## အိပ်မက် ဥပမာ

၁၅။ မင်းကြီး ဤဥပမာဖြင့် သင့်အား မေးအံ့၊ ထိုအမေးကို ဖြေလော့၊ သင်သည် နေ့အချိန် အပန်းဖြေ အိပ်စက်သောအခါ ဥယျာဉ် ရေကန် မြေ့ လျှော်ဘွယ် စသည်တို့ကို အိပ်မက်၌ မြင်မက်ဘူး သလောဟု မေး၏။

အရှင်ကဿပ မြင်မက် ဘူးသည်ကို မှတ် မိ ပါ ၏ ဟု လျှောက်၏။

မြို့စား ထိုအိပ်မက် မက်စဉ်အခါ အစောင့် ဖြစ်သော မောင်းမတို့သည် သင်၏ အသက်ဝင်သည်ကိုရှင်း၊ထွက်သည်ကိုရှင်း မြင်ကြကုန်သလောဟု မေး၏။

အရှင်ကဿပ မမြင်ပါဟု လျှောက်၏၊ ထိုအစောင့်ဖြစ်သော မောင်းမတို့သည် အသက် ရှင်လျက်ရှိသော သင်၏ ဝင်သက်ထွက်သက်ကို မမြင်ရမူ သင်သည် သေသောသူ၏ ဝင်သက် ထွက်သက်ကို အဘယ်မှာ မြင်ရပါအံ့နည်း။

မြို့စား သင် ထင်သကဲ့သို့ မမှတ်အပ်၊ တပါးသော လောက စသည်သည် ရှိ၏ဟူ၍ ယုံကြည်ကာ သင်၏အယူကို စွန့်လောဟု ဆို၏။

အရှင်ကဿပ ကျွန်ုပ်၏ အယူကို မစွန့် နိုင် ပါ ဟု လျှောက်၏။

မြို့စား အကြောင်းကား အဘယ်သို့ ရှိသေးသနည်း။

အရှင်ကဿပ အကြောင်းကား ကျွန်ုပ်၏ မင်းချင်း ယောကျ်ားတို့သည် ခိုးသူကို ဖမ်း၍ ပေးလိုရာ အပြစ်ဒဏ် ကို ပေးတော်မူပါလောဟု ပြပါကုန်၏။

မင်းချင်းယောကျ်ားတို့ ဤသို့ဖြစ်လျှင် ဤခိုးသူကို အသက် ရှင်စဉ်ကပင် ချိန်ခွင်ဖြင့်ချိန်စက်၍ ထွက်သက် မရှိ

အောင် လေးကြိုးဖြင့် လည်၌ ညှစ်၍ သတ်ပြီးလျှင် တဖန် ချိန်ခွင်ဖြင့် ချိန်စက်ကုန်လော့ဟု ဆိုပါ၏၊ ထိုမင်းချင်း ယောကျ်ားတို့သည် ကောင်းပါပြီဟု ဝန်ခံပြီးလျှင် ဆိုတိုင်း ပြုကြကုန်သော် ခိုးသူသည် အသက် ရှင်နေစဉ်က ပို၍ ပေါ့ လည်းပေါ့ပါး၏၊ ပိုမို၍ ပြေ့ပြောင်းကာ အပြုအပြင်လည်း ခံပါ၏။

သေသည့်အခါ အသက် ရှင်နေစဉ်ကထက် ပို၍ လေး လည်းလေး၏၊ ပို၍ ခက်မာကာ အပြုပြင်လည်းမခံ၊ ဤပုံ ဝတ္ထုကို ထောက်သောအားဖြင့် ကျွန်ုပ်၏ အယူကို မစွန့်နိုင် ပါဟု လျှောက်၏။

---

## ရဲရဲညီသော သံတွေခဲ ဥပမာ

၁၆။ မြို့စား ဤ ဥပမာဖြင့် သင့်အား မေးအံ့၊ အချို့ ဉာဏ်ရှိကုန်သော သူတို့သည် ဤစကား၏ အဓိပ္ပါယ်ကို သိ ကုန်၏၊ အကြောင်း ဥပမာကား ယောကျ်ားတယောက် သည် တနေ့ပတ်လုံး မီးဖုတ်ထားသော သံတွေခဲ ရဲရဲပူ လောင်ဆဲကိုရင်း၊ အေးသော သံတုံး မဲမဲ ငြိမ်းချမ်းဆဲကို ရင်း ချိန်စက်လျှင် ဘယ်အခါ ပေါ့၍ ဘယ်အခါ လေးသ နည်း ဟုမေး၏။

အရှင်ပကဿာ ပူလောင်ဆဲ ရဲရဲသည် တေဇောဓာတ် ဝါယောဓာတ်နှင့် တကွ ဖြစ်၍ ပေါ်ပါသည်၊ ငြိမ်းချမ်းဆဲ မဲမဲသည် အပူဓာတ် လေဓာတ် မရှိ၍ တေဇော ဝါယော ကင်းကာ လေးပါသည်ဟု လျှောက်၏။

မြို့စား ဤအတူပင် ဤကိုယ်သည် အသက် ကိုယ်ငွေ့ ဝိညာဏ်တို့နှင့် ပေါင်းဆုံမိသောအခါ ပိုမို၍ ပေါ့ပါ၏၊ ဤ အသက် ကိုယ်ငွေ့ ဝိညာဏ်တို့ မရှိလျှင် ပိုမို၍ လေး၏၊ ထို့ ကြောင့် သင် ထင်သကဲ့သို့ မမှတ်အပ်၊ တပါးသော လောက စသည်သည် ရှိ၏ဟူ၍ ယုံကြည်ကာ သင်၏ အယူကို စွန့်လော ဟု မိန့်ဆို၏။

၁၇။ အရှင်ကဿပ ဤသို့ ဆိုသော်လည်း ကျွန်ုပ်၏ ဖြစ်ခြင်း အကြောင်း ရှိပါသေး၏ဟု လျှောက် ၏၊ အကြောင်းကား ကျွန်ုပ်၏ မင်းချင်း ယောကျ်ားတို့သည် ခိုးသူကို ဖမ်း၍ ပေးလိုရာ အပြစ်ဒဏ် ပေးတော်မူပါလော ဟု ပြပါကုန်၏။

အချင်းတို့ သို့ဖြစ်လျှင် ဤခိုးသူကို အရေပါး အရေထူ အသား အကြော အရိုး ရိုးတွင်းချဉ်ဆီတို့ကို မပျက်စီးစေမူ၍ သတ်ကြကုန်လေဥဟု စေခိုင်းပြီးလျှင် သေလုနီး အချိန် တွင် အသက်ထွက်သည်ကို ကြည့်ပါသည် မမြင်ရပါ၊ ထို့ နောက် မှောက်ခုံ ပက်လက် ဟိုဘက် သည်ဘက် စောင်း၍

ၡင်း၊ ဦးစောက် ပြောင်းပြန် မြှောက်ထား၍ၡင်း၊ လက်စ သည်ဖြင့် ထိုးခေါက်၍ အတွင်းအပြင် အဖန်ဖန် ပွတ်၍ကြည့် သည် အသက်ကို မမြင်ရပါ။

ထိုသူအား မျက်စေ့နှင့် ရူပါရုံတို့ပင် ရှိလျက် အာရုံကို မခံစားပါ၊ နား, နှာ, လျှာ, ကိုယ်တို့ဖြင့် အာရုံကို မခံစား ပါ။

အရှင်ကဿပ ဆိုခဲ့သည့် ပုံဝတ္ထုကို ထောက်သောအားဖြင့် ကျွန်ုပ်၏ တပါးသော လောက မရှိ ဟူသော အယူသည် ဤသို့ ဖြစ်ပါ၏။

---

## ခရုသင်း မှုတ်သော ဥပမာ

၁၀။ မင်းကြီး ဤသို့ ဖြစ်လျှင် ဤဥပမာဖြင့် သင့်အား မေးအံ့၊ အချို့သော ဉာဏ်ရှိကုန်သော သူတို့သည် ဤစကား ၏ အဓိပ္ပါယ်ကို သိကုန်၏၊ ရှေး၌ ဖြစ်ဘူးသော ဥပမာကား ခရုသင်း မှုတ်သော ယောကျ်ား တယောက်သည် ခရုသင်း ကို ယူ၍ ကျေးလက်တခုသို့ သွားလေ၏၊ ထိုသူသည် ရွာ၏ အလယ်၌ ရပ်လျက် ခရုသင်းကို သုံး (၃) ကြိမ် မှုတ်ပြီးလျှင် မြေ၌ ချထားကာ သင့်လျော်ရာ အရပ်၌ ထိုင်နေ၏၊ ထိုရွာမှ

ကျေးလက်သားတို့သည် ဤအသံသည် အဘယ် အရာ၏ အသံနည်းဟု မေးမြန်းကုန်၏။

အချင်းတို့ ဤအရာသည် ခရုသင်း၏ အသံပါဟု ပြော ဆို၏၊ ထို ကျေးလက်သားတို့သည် ခရုသင်းကို ပက်လက် မှောက်ခုံ ထား၍ရင်း၊ တဘက်သို့ စောင်း၍ရင်း၊ ဦးစောက် ပြောင်းပြန် မြှောက်ထားကုန်ပြီး လက်, ခဲ, ဒုတ်, ဓါး တို့ ဖြင့် အတွင်း အပြင် အဖန်ဖန်ပုံ၍ ပုတ်ခတ်ကာ အသံကို ရှာ ကုန်၏၊ ထိုခရုသင်းသည် အသံ မြည်မလာပါ။

ထိုအခါ ခရုသင်း မှုတ်သော ယောကျ်ားသည် ဤကျေး လက်သားတို့ကား မှားသောနည်းဖြင့် ခရုသင်းကို အသံရှာ ကြကုန်၏၊ အသိ အလိမ်မာ ဉာဏ်ပညာ နည်း၍ မိုက်လေစွ ဟု ဆိုကာ ထိုသူတို့၏ ရှေ့၌ပင် ခရုသင်းကို မှုတ်ပြပြီးလျှင် ထွက်သွားလေ၏။

ထို ကျေးလက်သားတို့သည် အချင်းတို့ ဤခရုသင်းမည် သည်ကား မှုတ်သော ယောကျ်ား မှုတ်ခြင်းလုံ့လ မှုတ် သော လေနှင့် ပေါင်းဆုံမိသောအခါ အသံမည်၏၊ ၎င်းတို့ နှင့် ကင်းကွာလျှင် အသံမမြည်ဟု သိကြလေ၏။

မြို့စား သင်သည် ခရုသင်းအသံ ရှာမှားသော ကျေး လက်သားတို့နှင့် တူချေပြီ၊ ဤကိုယ်သည် အသက် ကိုယ် ငွေ့ ဝိညာဏ် သုံး(၃)မျိုးတို့နှင့် ပေါင်းဆုံမိသော အခါ

ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်း ရပ်၊ ထိုင်၊ လျောင်း၊ အိပ်ခြင်း မြင်ခြင်း၊ ကြားခြင်း၊ နမ်းခြင်း၊ စားခြင်း၊ တွေ့ထိခြင်းတို့ ဖြစ်ကာ စိတ်ဖြင့် သိခြင်း ဖြစ်သည်၊ ဤအသက် ဝိညာဏ် ကိုယ်ငွေ့တို့နှင့် ကင်းကွာသော အခါ ဘာမျှ မသိကုန်။

မြို့စား သင် ကင်သကဲ့သို့ မမှတ်အပ်၊ တပါးသော လောက စသည်သည် ရှိ၏ဟူ၍ ယုံကြည်ကာ သင်၏ အယူကို စွန့်လောဟု ဆို၏။

အရှင်ကဿပ ဤသို့ ဆိုသော်လည်း ကျွန်ုပ်၏ အယူကို မစွန့်နိုင်ပါဟု လျှောက်၏၊ အကြောင်းကား ကျွန်ုပ်၏ မင်းချင်း ယောကျ်ားတို့သည် ခိုးသူကို ဖမ်း၍ ပေးလိုရာ အပြစ်ဒဏ်ကို ပေးတော်မူပါလောဟု ပြပါကုန်၏။

အချင်းတို့ သို့ဖြစ်လျှင် ဤခိုးသူ၏ အရေထူ အရေပါးကိုခွါ၍ အသက်ကို ရှာကုန်လော၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီတို့ကို လှီးဖြတ်ကုန်၍ အသက်ကို ရှာကုန်လောဟု ဆို၏၊ ထိုမင်းချင်းတို့သည် ထိုဆိုတိုင်း ပြုကြကုန်သည် ရှိသော် အသက် မမြင်ကြရပါကုန်။

အရှင်ကဿပ....ဤ ဆိုခဲ့သည့် ပုံဝတ္ထုကို ထောက်သောအားဖြင့် ကျွန်ုပ်၏ တပါးသော လောက မရှိ ဟူသော အယူသည် ဤသို့ပင် ဖြစ်ပါ၏၊ မစွန့်နိုင်ပါဟု လျှောက်၏။

## မီးကိုလုပ်ကျွေးသော ရသေ့ဥပမာ

၁၉။ မြို့စား....ဤဥပမာဖြင့် သင့်အားမေးအံ့၊ဤလောကၥ အချို့သော ဉာဏ်ရှိကုန်သော သူတို့သည် ဤစကား၏ အဓိပ္ပါယ်ကို သိကြကုန်၏၊ ရှေး၌ ဖြစ်ဘူးသော ဥပမာကား-မီး၌ လုပ်ကျွေးသော ရသေ့ တယောက်သည် တောအုပ်ကြီး အတွင်း သစ်ရွက်မိုးသော ကျောင်း၌ နေ၏၊ ထိုအခါ ဇနပုဒ်မှ လှည်းတအုပ်သည် ခရီးထွက်စဉ် ထိုရသေ့၏ ကျောင်းအနီး၌ တညဉ့်မျှ တည်းခို၍ သွားလေ၏။

ထိုအခါ မီးကို လုပ်ကျွေးသော ရသေ့သည် စောစောထပြီးလျှင် ထို လှည်းစခမ်းချရာသို့ ချဉ်းကပ်လေသော် စွန့်ပစ်ထားခဲ့သော နုနယ်၍ ပက်လက် အိပ်တတ်ခါမျှ သူငယ်လေးကို မြင်လေ၏၊ ငါမြင်ပါလျက် လူသားဖြစ်သော သူငယ်ကလေး သေဆုံးပါမူ ငါအား မသင့်လျော်ပေ။

ထိုရသေ့သည် ဤ သူငယ်ကလေးကို ကျောင်းသို့ ယူ၍ အသက် ရှည်အောင် မွေးမြူထား၏၊ ထို သူငယ်သည် ဆယ်(၁၀)နှစ် ကျော်ကျော်မျှ အရွယ်သို့ ရောက်သောအခါ မီးကို လုပ်ကျွေးသော ထိုရသေ့အား ဇနပုဒ်၌ တစုံတခုသော ပြုဘွယ်ကိစ္စသည် ဖြစ်ပေါ်လာ၍ ရသေ့သည် သူငယ်အား-

ချစ်သား ငါသည် ဇနပုဒ်သို့ သွားလို၏၊ မီးကို လုပ်ကျွေးရစ်လော့၊ မီးကို မငြိမ်းစေလင့်၊ အကယ်၍ မီးကို ငြိမ်းခဲ့ငြားအံ့ ဤပဲခွပ် ဤထင်း ဤမီးပွတ်တို့ဖြင့် မီးကို ဖြစ်စေ၍ မီးကို လုပ်ကျွေးရစ်လောဟု ဆို၏၊ ထို့နောက် ရသေ့သည် သူငယ်ကို သွန်သင်၍ ဇနပုဒ်သို့ သွားလေ၏။

သူငယ်သည် ကစားမြူးတူးနေစဉ် မီးသည် ငြိမ်းလေ၏၊ ထိုအခါ သူငယ်သည် မှာခဲ့သည့်အတိုင်း မီးကို လုပ်ကျွေးရမူ ရကောင်းတန်ရာ၏ဟု စဉ်းစားလျက် မီးဖို အစုံကို ပဲခွပ်ဖြင့် ခွေ၏၊နှစ် (၂)စိပ် သုံး (၃)စိပ် လေး (၄)စိပ် ငါး(၅)စိပ် ဆယ်(၁၀)စိပ် အစိပ်တရာ(၁၀၀) ခွဲ၏၊ မီးကို မရသည် သာလျှင်တည်း၊

အစိပ်အစိပ် ပြု၍ ဆုံ၌ ထောင်း၏၊ ထောင်း၍ မီးကို ရကောင်းတန်ရာ၏ဟု စဉ်းစားလျက် ပြင်းစွာသော လေ၌ ကြဲလွှင့်၏၊ ထိုသူငယ်သည် မီးကို မရသည်သာတည်း၊ ထိုအခါ ရသေ့သည် ဇနပုဒ်မှ ပြုဘွယ်ကိစ္စ ပြီးဆုံး၍ ကျောင်းသို့ ပြန်လာပြီးလျှင် ချစ်သား အသို့နည်း မီးမငြိမ်းဘဲ ရှိပါ၏လောဟု ဆို၏။

ဖခင် ဤအရပ်၌ ကျွန်ုပ် ကစား၍နေစဉ် မီးသည် ငြိမ်းခဲ့ပါ၏၊ ထိုအခါ ဖခင်မှာခဲ့သည့်အတိုင်း မီးကို လုပ်ကျွေးပါ၏၊ ကျွန်ုပ်သည် မီးကို ဖြစ်စေမည်ဟု ပွတ်ခုံ ပွတ်ကျေကို

ပဲခွပ်ဖြင့်ရွှေ၏၊ မီးမရပါ၊ နှစ်(၂)စိပ်၊ သုံး(၃)စိပ်၊ လေး (၄) ငါး(၅) ခြောက်(၆)စိပ် ခွဲ၍ မီးမရပါ၊အစိပ်အစိပ် ပု၍ ဆုံ၌ ထောင်း၏ မီးမရပါ၊ ထောင်း၍လေ၌ လွင့်၏၊ မီးမရပါဟု ပြောဆို၏၊

ရသေ့ကြီးသည် ထိုအကြောင်းကို သိ၍ သူငယ့်ရှေ့၌ မီးဖြစ်အောင် ပု၍ ပြုပြီးလျှင် သင်သည် မှားသော နည်းဖြင့် မီးကို ရှာ၏ ညံ့ဖျင်းလေစွဟု ပြောဆို၏။

မြို့စား ဤအတူ သင်သည် မိုက်မဲ မလိမ္မာ၍ အဆင်အခြင် ကင်းမဲ့စွာ တပါးသော လောကကို ရှာဘိ၏၊ ဤယုတ်မာသော မိစ္ဆာအယူကို စွန့်လော၊ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွား ပျက်၍ ဆင်းရဲခြင်းငှါ မဖြစ်ပါစေလင့်ဟု မိန့်ဆို၏။

၂၀။ အရှင်ကဿပ ကျွန်ုပ်၏ မိစ္ဆာ အယူကို မစွန့်နိုင်ပါ၊ အဘယ့်ကြောင့် ဆိုသော် ပါယာသိရာဇည မြို့စားသည် တပါးသော လောကသည် မရှိဟု ဤသို့ ဆို၍ ယူလေ့ရှိကုန်၏ဟု ပသေနဒီ ကောသလမင်းနှင့် တိုင်းတပါး၌ နေသော မင်းတို့သည် သိပါကုန်၏၊ ထို့ကြောင့် မစွန့်နိုင်ပါ၊ အကယ်၍ ဤအယူကို စွန့်လွှတ်သည် ဖြစ်အံ့၊ ပါယာသိရာဇည မြို့စားသည် မိုက်စွတကား၊ မလိမ္မာစွတကား၊

ယုတ်မာသော အယူကို ယူလေစွတကားဟု ပြောဆိုသူတို့ ရှိပါကုန်လတ္တံ့။

ထိုသူတို့၌ အမျက်ထားသောအားဖြင့်လည်း ထို အယူကို ယူမြဲ ယူရပါအုံးမည်၊ အရှင်ဘုရား၏ စကားကို ချေပသောအားဖြင့်ရင်း၊ တုပြိုင်သောအားဖြင့်ရင်း၊ ထိုအယူကို ယူမြဲ ယူရပါအုံးမည်ဟု လျှောက်၏။

**မှတ်ချက်။ ။အထူးနှလုံးသွင်းရန်အချက်**

ယခုအခါ မြတ်စွာဘုရား သာသနာတော်၌ အချို့သော ရဟန်း ရှင်လူ ပုဂ္ဂိုလ်တို့သည် ပါယာသိရာဇည မြို့စား၏ စိတ်ထားအတိုင်း မိမိ၏ အယူဝါဒ မမှန် ကန်သော်လည်း မပယ်စွန့်ကြဘဲ တဂိုဏ်း တဝါဒ ထူထောင်လိုသည့် အနေမျိုးနှင့် ဗုဒ္ဓဘာသာဝင်များအား အမျိုးမျိုးသော ယုံကြည်မှုတို့ကို ပြလျက် မိမိ ပေါ်လွင် ထင်ရှားအောင် (ဝါ) ဘာသာရေး အထင်ကြီးအောင် လုပ်ဆောင်နေကြလေရာ ဗုဒ္ဓဘာသာဝင်များ အထူး သတိပြုစေလို၏။

နိုင်ငံရေးဝါဒ နိုင်ငံရေးပါတီတို့နှင့် တိုင်းတပါးခြားဘာသာရေး ခေါင်းဆောင်များကလည်း ငွေကြေး ထုတ်ပေး၍ ဗုဒ္ဓသာသနာ မှေးမှိန်အောင်

နာမည်ကြီး ဗုဒ္ဓဘာသာ ခေါင်းဆောင်များအား မိမိ တို့လိုရာ လုပ်ငန်းစဉ်ကို လူအပေါင်းတို့ သက်ဝင်လာအောင် ဆွဲဆောင်စေခိုင်းလျက် ရှိနေကြသောကြောင့် အရာရာမှာ ဆင်ခြင် စဉ်းစား၍ သတိ ကြပ်ကြပ် ထားအပ်ပေသတည်း။

---

## လှည်းမှူးကြီး နှစ်ယောက် ဥပမာ

၂၁။ မြို့စား ဤဥပမာဖြင့် သင့်အား မေးအံ့၊ အချို့သော ဉာဏ်ရှိကုန်သော သူတို့သည် သိကြကုန်၏၊ ရှေး၌ ဖြစ်ဘူးသော ဥပမာကား လှည်းတထောင် (၁၀၀၀) ပါသော လှည်းတအုပ်သည် အရှေ့နိုင်ငံမှ အနောက်နိုင်ငံသို့ သွားလေ၏၊ ငါတို့ ရောက်လေရာ အရပ်၌ မြက်, ထင်း, ရေနှင့် စိမ်းစိုသော အရွက်တို့သည် လျှင်မြန်စွာ ကုန်လေ၏။

ငါတို့သည် လှည်းအုပ်ကြီးကို တအုပ်လျှင် လှည်းငါးရာ (၅၀၀)စီ နှစ်(၂)အုပ် ခွဲရမူ ကောင်းလေစွဟု အကြံဖြစ်၏၊ ထို အကြံအတိုင်း ပဌမ လှည်းအုပ်ကြီး၌ ယှည်းမှူး တယောက် ဦးစီး၍ များစွာသော မြက်, ထင်း, ရေတို့ကို တင်ကာ လှည်းအုပ်ကို မောင်းနှင်စေ၏။

နှစ်(၂) ရက်၊ သုံး (၃) ရက် မောင်းနှင်မိသော် ထို လှည်းတို့နှင့် ရင်ဆိုင်လာသော စိုသောအဝတ် စိုသောဆံ ရှိသောမျက်ခွေ ရှိ၍ လေး, မြား, တောင့်ကို လွယ်ကာ ကြာပန်းတို့ကို ပန်လာသော မည်းနက်သော ယောကျ်ား ကို ညွန့်တို့ဖြင့် လိမ်းကပ်သော လှည်းဘီးရှိသော ရထား ဖြင့် လာနေသည်ကို မြင်၍ အချင်း အဘယ် အရပ်မှ လာခဲ့သနည်းဟု မေး၏။

ဤအမည် ရှိသော အရပ်မှ လာခဲ့ပါသည်၊ ရှေးခရီး၌ မိုးကြီး သည်းသန်စွာ ရွာပါ၏၊ မြက်, ထင်း, ရေသည် လည်း ပေါများပါ၏၊ လှည်း အလေးမခံဘဲ လျှင်လျှင် မြန်မြန် သွားနိုင်အောင် မြက်, ထင်း, ရေတို့ကို စွန့်ပစ် ပါကုန်လော၊ နွားတို့ကို မပင်ပန်းစေလင့်ဟု ဆို၏။

ထိုအခါ လှည်းမှူးသည် လှည်းသားတို့ကို အချင်းတို့ အဟောင်း ဖြစ်သော မြက်, ထင်း, ရေတို့ကို စွန့်ပစ်ကုန် လော၊ ဝန်ပေါ့ လှည်းတို့ဖြင့် လှည်းတို့ကို မောင်းနှင်ကုန် လောဟု ပြောကြား၏။

ထိုလှည်းမှူး ဆိုတိုင်း ပြုကြကုန်၍ လှည်းကို မောင်းနှင် ကြသော် ပဌမ လှည်းစခန်း ချရာ၌လည်း မြက်, ထင်း, ရေတို့ကို မတွေ့မြင်ရကုန်၊ ဒုတိယ လှည်းစခန်း ချရာ၌၎င်း၊

တတိယ, စတုတ္ထ, ပဥ္စမ, ဆဋ္ဌမ, သတ္တမ လှည်းစခန်းချရာတို့၌ရှင်း မြက်, ထင်း, ရေတို့ကို မတွေ့မြင်ရကုန်။

အလုံးစုံသော လှည်းသမားတို့သည် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရကုန်၏၊ ထို လှည်းအုပ်၌ ပါသော လူနွားတို့ကို လူယောင်ဆောင်သော ဘီလူးသည် စားလေ၏၊ အရိုးတို့သည် ကြွင်းကျန်ကုန်၏။

ဒုတိယ လှည်းမှူးသည် ပဌမ လှည်းအုပ် ထွက်သွားသည်မှာ ကြာလေပြီဟု သိသောအခါ များစွာသော မြက်, ထင်း, ရေတို့ကို တင်၍ လှည်းအုပ်ကို မောင်းနှင်စေကာ နှစ်(၂)ရက်၊ သုံး(၃)ရက်၊ မောင်းနှင်မိသော် ထိုလှည်းမှူးသည် စိုသော အဝတ်, စိုသောဆံ, နီသောမျက်စေ့ ရှိ၍ လေး, မြား, တောင့်တို့ကို လွယ်ကာ ကြာပန်းကို ပန်သော မည်းနက်သော ယောကျ်ားကို ညွန့် တို့ဖြင့် လိမ်းကပ်သော လှည်းဘီး ရှိသော ရထားဖြင့် လာနေသည်ကို မြင်လေ၏၊ မြင်လတ်သော် အချင်း အဘယ်အရပ်မှ လာခဲ့သနည်းဟု မေး၏။

ဤမည်သော အရပ်မှ လာခဲ့ပါ၏၊ ရှေ့ခရီး၌ မိုးကြီးသည်းထန်စွာ ရွာပါ၏၊ မြက်, ထင်း, ရေသည်လည်း ပေါများပါ၏၊ လှည်း အလေးမခံဘဲ လျှင်လျှင် မြန်မြန် သွားနိုင်အောင် မြက်, ထင်း, ရေတို့ကို စွန့်ပစ်ပါကုန်လော၊ နွားတို့ကို မပင်ပန်းပါစေကုန်လင့်ဟု ဆို၏။

ထိုအခါ လှည်းမှူးသည် လှည်းသားတို့အား အချင်းတို့ ဤယောကျ်ားသည် ငါတို့၏ မိတ်ဆွေ သားချင်း ပေါက် ဖော်လည်း မဟုတ်၊ သူပြောသော စကားကို မယုံကြည် ထိုက်ပါ၊ တင်ခဲ့တိုင်းသော ပစ္စည်း ဘဏ္ဍာဖြင့်သာ လှည်း တို့ကို မောင်းနှင်ကုန်လော့၊ ငါတို့သည် ပစ္စည်းဟောင်း တို့ကို မစွန့်ပစ်ကုန်အံ့ဟု ပြောကြား၏။

ထို လှည်းသားတို့သည် ထိုလှည်းမှူးအား ဝန်ခံ၍ လှည်း တို့ကို မောင်းနှင်ကုန်သော် ပဌမ လှည်းစခန်း ချရာ၌လည်း မြက်, ထင်း, ရေတို့ကို မတွေ့မြင်ရကုန်၊ ဒုတိယ, တတိယ, စတုတ္ထ, ပဥ္စမ, ဆဋ္ဌမ, သတ္တမ လှည်းစခန်း ချရာတို့၌လည်း မြက်, ထင်း, ရေ တို့ကို မတွေ့မြင်ရကုန်၊ ပျက်စီးခြင်းသို့ ရောက်နေသော ယခင် လှည်းအုပ်ကိုသာ တွေ့မြင်ရကုန်၏။

လူယောင် ဆောင်သော ဘီလူးစားထားသည့် ထိုလှည်း အုပ်၌ ပါသော လူ နှင့် နွားတို့၏ အရိုးတို့ကိုသာ တွေ့မြင်ရ ကုန်၏၊ ထိုအခါ ထိုလှည်းမှူးသည် လှည်းသားတို့ကို အချင်းတို့ လူမိုက် လှည်းမှူး ခေါင်းဆောင်သောကြောင့် ဤလှည်းအုပ်သည် ပျက်စီးခြင်းသို့ ရောက်ရာ၏၊ ငါတို့၏ လှည်းအုပ်မှ အဘိုး မထိုက်တန်သော ကုန်ပစ္စည်းတို့ကို စွန့်ပစ်၍ ဤလှည်းအုပ်မှ အဘိုးထိုက်တန်သော ကုန်ပစ္စည်း တို့ကို ယူခဲ့ကုန်လောဟု ပြောကြား၏။

ထို လှည်းသားတို့သည် အရှင် ကောင်းပါပြီဟု ဝန်ခံ၍ ဆိုတိုင်းပြုကြကုန်၏၊ လူလိမ်မာ လှည်းမှူး ခေါင်းဆောင်သောကြောင့် ဤဒုတိယ လှည်းအုပ်သည် ချမ်းသာစွာ ထိုခရီးကို လွန်မြောက်ရကုန်၏။

မြို့စား ဤအတူ မိုက်၍ မလိမ်မာသော သင်သည် အဆင်အခြင် ကင်းမဲ့စွာ တပါးသော လောကကို ရှာသော် ထို ရှေ့ဖြစ်သော လှည်းမှူးကဲ့သို့ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရလတ့်၊ သင်၏ အယူစကားကို နာယူ ယုံကြည် မှတ်ထင်ကုန်သော သူတို့သည်လည်း ထိုရှေ့ဖြစ်သော လှည်းသားတို့ကဲ့သို့ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရကုန်လတ့်။

သင်သည် ယုတ်မာသော ဤ မိစ္ဆာ အယူကို စွန့်လော့၊ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွား ပျက်၍ ဆင်းရဲခြင်းငှါ မဖြစ်ပါစေလင့်ဟု မိန့်ဆို၏။

၂၂။ အရှင်ကဿပ ဤသို့ ဆိုသော်လည်း ယုတ်မာသော ဤ မိစ္ဆာ အယူကို ကျွန်ုပ် မစွန့်နိုင်ပါ၊ အဘယ်ကြောင့် ဆိုသော် ဤသို့ ယူလေ့ရှိ၏ဟု ပသေနဒီ ကောသလမင်းနှင့် တိုင်းတပါး မင်းတို့လည်း သိပါကုန်၏၊ စွန့်လွှတ်ခြင်းကား မတတ်နိုင်ပါ၊ အကယ်၍ စွန့်လွှတ်သည် ဖြစ်အံ့-

ပါရာသိရာဇည မြို့စားသည် ဤမျှလောက် မိုက်လေစွ

တကား၊ မလိမ်မာ လေစွတကား၊ ယုတ်မာသော အယူကို ယူလေစွတကားဟု ပြောဆိုသူတို့ ရှိပါကုန်လတ္တံ့၊ ထိုသူတို့၌ အမျက် ထားသောအားဖြင့်ရှင်း၊ အရှင်ဘုရား၏ စကားကို ချေပသောအားဖြင့်ရှင်း၊ တုပြိုင်သောအားဖြင့်ရှင်း ထိုအယူကို မစွန့်နိုင်ပါဟု လျှောက်၏။

---

## မစင်ထုပ် ဆောင်ယူသူ ဥပမာ

၂၃။ မြို့စား ဤဥပမာဖြင့် သင့်အား မေးအံ့၊ အချို့သော ဉာဏ်ရှိကုန်သော သူတို့သည် ဤစကား၏ အဓိပ္ပါယ်ကို သိကြကုန်၏၊ ရှေး၌ ဖြစ်ဘူးသော ဥပမာကား ဝက်မွေးသော ယောကျ်ား တယောက်သည် မိမိရွာမှ တပါးသော ရွာသို့ သွား၏။

ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ကျင်ကြီး ခြောက်တို့ကို မြင်လေ၏၊ ဤ ကျင်ကြီးခြောက်တို့ကို ဆောင်ယူ၍ ငါ၏ ဝက်များကို ကျွေးရပါမူကား ကောင်းလေစွဟု အကြံဖြစ်ကာ ပါလာသော အပေါ်ရုံကိုဖြန့်၍ များစွာသော ကျင်ကြီးခြောက်တို့ကို ထည့်ပြီးလျှင် အထုပ်ကို ရွက်ကာ သွားလေ၏။

ရွာသို့ မရောက်မီ ခရီးအကြား၌ အခါမဲ့ မိုးကြီးသည် သည်းထန်စွာ ရွာသဖြင့် ထိုယောကျ်ားသည် ခြေသည်းဖျား, လက်သည်းဖျား တိုင်အောင် မစင်တို့ဖြင့် ပေကျံနေ

သည်ကို လူတို့သည် တွေ့မြင်ကြ၍ အချင်း သင်သည် ရှူး သလော၊ အဘယ်ကြောင့် မစင်ထုပ်ကို ဆောင်ယူဘိသနည်း ဟု ဆိုကြကုန်၏။

အချင်းတို့....ငါကားမရှူး၊ သင်တို့သာလျှင် ရှူးကုန်၏၊ ဤမစင်ထုပ်သည် ငါ၏ ဝက်စာ ဖြစ်၏ဟု ပြန်၍ပြော၏။

မြို့စား....ဤအတူ သင်သည် မစင်ထုပ်ကို ဆောင်ယူခဲ့ သော သူကဲ့သို့ ဖြစ်သည်မှာ ထင်ရှား၏၊ သင်သည် ယုတ်မာ သော မိစ္ဆာ အယူကို စွန့်လော၊ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွား ပျက်၍ ဆင်းရဲခြင်းငှါ မဖြစ် ပါစေလင့်ဟု မိန့်ဆို၏။

၂၄။ အရှင်ကဿပ....ဤသို့ ဆိုသော်လည်း ကျွန်ုပ်၏ အယူကို မစွန့်နိုင်ပါ၊ "ဤသို့ ယူကာ ပြောဆိုလေ့ရှိ၏" ဟု ပသေနဒီ ကောသလမင်းနှင့် တိုင်းတပါးတို့က သိပါ ကုန်၏၊ အကယ်၍ ဤ မိစ္ဆာ အယူကို စွန့်လွှတ်သည် ဖြစ်အံ့–

ပါယာသိရာဇညာ မြို့စားသည် မလိမ္မာ မိုက်မဲစွတကား၊ ယုတ်မာသော အယူကို ယူလေစွတကားဟု ပြောဆိုသူတို့ ရှိပါကုန်လတ္တံ့၊ အရှင်ဘုရားကို အမျက်ထားသောအားဖြင့် ၎င်း၊ ချေပသော အားဖြင့်၎င်း၊ တုပြိုင်သော အားဖြင့်၎င်း ထိုအယူကို မစွန့်နိုင်ပါဟု လျှောက်၏။

## အနှံကစားသူ ဥပမာ

၂၅။ မြို့စား....ဤဥပမာဖြင့် သင့်အား မေးအံ့၊ အချို့သော ဉာဏ်ရှိကုန်သော သူတို့သည် သိကြပါကုန်၏၊ ရှေး၌ဖြစ်ဘူးသော ဥပမာကား အနှံသမား (၂) နှစ်ယောက်တို့သည် အနှံကစားကြကုန်၏၊ တယောက်သော အနှံသမားသည် ရှုံးမည့် အနှံကို မျို၏၊ ဒုတိယ အနှံသမားသည် ရှုံးမည့် အနှံကို မျိုနေသော ထိုပဌမ အနှံသမားကို မြင်၍ အဆွေ သင်သည် အမှန်ပင် နိုင်ပါ၏၊ကျွန်ုပ်အား အနှံတို့ကို ပေးဦးလော နတ်တင်ဦးအံ့ဟု ပြော၏။

အဆွေ ကောင်းပါပြီဟု ပဌမ အနှံသမားသည် ဒုတိယ အနှံသမားအား အနှံတို့ကို ပေး၏၊ ထိုအခါ ဒုတိယ အနှံသမားသည် အနှံတို့ကို အဆိပ်ဖြင့် လိမ်းကျံပြီးလျှင် အနှံကစားကုန်အံ့ဟု ပြော၏။

အဆွေ ကောင်းပြီဟု ဝန်ခံ၍ ထိုအနှံသမားတို့သည် တဖန် အနှံကစားကြကုန်၏၊ ရှေးနည်းအတိုင်း ပဌမ အနှံသမားသည် ရှုံးမည့်အနှံ မျိုနေသည်ကို ဒုတိယ အနှံသမား မြင်လတ်သော် ဟယ်....ယုတ်မာသော အနှံသမား သင်သည် အဆိပ်ဖြင့် လိမ်းထားသည်ကို မသိ၍ ဤ အနှံကို မျိုဘိ၏၊ နောက် မကြာမီ သင့်အား ဘေးဒုက္ခသည် ဖြစ်လတ္တံ့ဟု ဆို၏။

မြို့စား ဤအတူပင် ပဌမ အန်သမား ကဲ့သို့ပင် ဖြစ်သည်မှာ ထင်ရှား၏၊ ထို့ကြောင့် ဤမိစ္ဆာ အယူကို စွန့်လော၊ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွား ပျက်၍ ဆင်းရဲခြင်းငှါ မဖြစ်ပါစေလင့်ဟု မိန့်ဆို၏။

၂၆။ အရှင်ကဿပ ဤသို့ ဆိုသော်လည်း ကျွန်ုပ်၏အယူကို မစွန့်နိုင်ပါ၊ ပါယာသိရာဇည မြို့စားသည် "ဤသို့ယူကာပြောဆိုလေ့ရှိ၏" ဟု ပသေနဒီ ကောသလမင်းနှင့်တိုင်းတပါးတို့က သိပါကုန်၏၊ အကယ်၍ ဤမိစ္ဆာ အယူကို စွန့်လွှတ်သည် ဖြစ်အံ့။

ပါယာသိရာဇည မြို့စားသည် မလိမ္မာ မိုက်မဲစွတကား၊ ယုတ်မာသော အယူကို ယူလေစွတကားဟု ပြောဆိုသူတို့ရှိပါကုန်လတ္တံ့၊ ထိုသူတို့၌ အမျက်ထားသောအားဖြင့်၎င်း၊ အရှင်ဘုရား၏ စကားကို ချေပသောအားဖြင့်၎င်း၊ တုပ်ပိုင်သောအားဖြင့်၎င်း ထိုအယူကို မစွန့်နိုင်ပါဟု လျှောက်၏။

---

## ဂိုက်ဆံလျှော်ထုပ် ယူသူဥပမာ

၂၇။ မြို့စား....ဤဥပမာဖြင့် သင့်အား မေးအံ့၊ ဤလောကဝ၌ အချို့သော ဉာဏ်ရှိကုန်သော သူတို့သည် စကား၏အဓိပ္ပါယ်ကို သိကြကုန်၏၊ ရှေး၌ ဖြစ်ဘူးသော ဥပမာကား

တိုင်းပြည် မငြိမ်သက်သည် ဖြစ်၍ ကျေးလက် တောရွာတို့ သည် ဟိုမှ သည်မှ ပြောင်းရွှေ့ကြကုန်၏။

ထိုအခါ မိတ်ဆွေ (၂) နှစ်ဦးတို့သည် အချင်းချင်း တိုင်ပင်သည်ကား အဆွေ ပြောင်းရွှေ့သွားသော ကျေးလက်၌ တစုံတခုသော ဥစ္စာကို အရှာသွားကြကုန်အံ့ဟု တယောက်သော မိတ်ဆွေက ပြော၏။

အဆွေ ကောင်းပြီဟု တယောက်သော မိတ်ဆွေက ပြန်ပြောကာ ထိုကျေးလက် အတွင်းရှိ ရွာတရွာသို့ သွားကြကုန်၏၊ ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ပိုက်ဆံလျှော်တို့ကို တွေ့မြင်ကြ၍ အဆွေ သင်လည်း ပိုက်ဆံလျှော်တို့ကို ထုပ်လော့၊ ကျွန်ုပ်လည်း ပိုက်ဆံလျှော်ထုပ်ကို ထုပ်အံ့၊ ကျွန်ုပ်တို့ (၂) ယောက် ပိုက်ဆံလျှော်ထုပ်ကို ယူ၍ သွားကုန်အံ့ဟု ပြော၏။

ထို (၂) ယောက်တို့သည် ပိုက်ဆံလျှော်ထုပ်ကို ယူ၍ အခြား တရွာသို့ သွားကြကုန်သော် ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ပိုက်ဆံလျှော်ချည်တို့ကို တွေ့မြင်၍ လျှော်ညှံ့ကို စွန့်ပြီး ချည်သက်သက်ကို ယူကုန်အံ့ဟု ပြော၍ တယောက်က ချည်ကိုယူ၏၊ တယောက်ကား အဝေးမှ ထမ်းလာရသော လျှော်တို့ကို မစွန့်နိုင်ဟု ပြန်၍ ပြောဆို၏။

အစဉ်အတိုင်း သွားကြသော် တခြား တရွာသို့ ရောက်၍ ပိုက်ဆံချည်ဖြင့် ရက်သော အဝတ်တို့ကို မြင်ပြန်၍ တယောက်သော သူက ပြောဆိုကာ ချည်ကို စွန့်၍ အဝတ်တို့ကို ယူ၏၊ တယောက်ကား အဝေးအရပ်မှ ထမ်းလာရသော လျှော်တို့ကို မစွန့်နိုင်ဟု ပြောဆို၏။

ထို့နောက် ရွာတို့သို့ ရောက်ကြသော အခါ ခေါမလျှော် ခေါမချည် ခေါမချည်အဝတ်ကိုရင်း၊ ဝါဂွမ်း, ဝါချည် ဝါချည်, အဝတ်တို့ကိုရင်း၊ သံ, ကြေး, သလွဲမည်း, သလွဲဖြူ, ခဲပုတ်, ဘင်, ရွှေ, ငွေတို့ကိုရင်း၊ အစဉ်အတိုင်း မြင်၍ အစဉ်အတိုင်း စွန့်၍ ရွှေကိုသာ တယောက်က ထမ်းဆောင်လေ၏၊ တယောက်ကား အဝေးအရပ်မှ ကောင်းစွာ ထုပ်၍ ထမ်းဆောင်လာရသော လျှော်တို့ကို မစွန့်နိုင်ပါ၊ သင်သာလျှင် ယူလောဟု ဆို၏။

ထိုသူတို့သည် မိမိတို့ ရွာရှိရာသို့ ပြန်သွားကြ၍ ရောက်လတ်သော် ရွှေထမ်းလာသူမှာ အမိ အဘ သား မယား အဆွေခင်ပွန်း သားချင်း အားလုံးနှင့် တကွ ဝမ်းမြောက် ရွှင်လန်းကြ၍ ချမ်းသာသုခ ရကြလေကုန်၏၊ လျှော်ထမ်းလာသူကား သူ၏ အမိ အဘ -သား မယား စသည်တို့က ပြစ်တင် မေ့င်းမဲသဖြင့် မနှစ်သက်ကုန်၊ ချမ်းသာသုခ မရရှာကြကုန်။

မြို့စား.... ဤအတူပင် သင်သည် ပိုက်ဆံ လျှော်ထုပ်ကို ဆောင်ယူသော သူကဲ့သို့ ဖြစ်သည်မှာ ထင်ရှား၏၊ ယုတ်မာသော သင်၏ အယူကို စွန့်လွှတ်လော၊ သင့်အား ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး အစီးအပွား မဲ့ခြင်းငှါ မဖြစ်ပါစေလင့်ဟု မိန့်ဆို၏။

---

## သရဏဂုဏ် ဆောက်တည်ခြင်း

၂၀။ အရှင်ကဿပ၏ ရှေ့ဦးစွာသော နေ့လ ဥပမာဖြင့် ပင်လျှင် ကျွန်ုပ်သည် နှစ်သက် ကြည်ညိုပါ၏၊ ထိုသို့ဖြစ်သော်လည်း ဤဆန်းကြယ်သော အမေး အဖြေတို့ကို ကြားနာလိုသည် ဖြစ်၍သာလျှင် အရှင်ကဿပကို ဆန့်ကျင်ဘက် ကဲ့သို့ ပြုအပ်သည်ဟု ကျွန်ုပ် မှတ်ထင် မဲ့မိပါ၏။

အရှင်ကဿပ တရားတော်သည် အလွန် နှစ်သက်ဘွယ်ရှိပါ၏၊ ဥပမာသော်ကား မှောက်ထားသည်ကို လှန်ပြသကဲ့သို့ရင်း၊ ဖုံးထားသည်ကို ဖွင့်ပြ သကဲ့သို့ရင်း၊ ခရီးမှားသူကို လမ်းမှန် ပြသကဲ့သို့ရင်း၊ အမိုက်မှောင်၌ မီးထွန်းပြသကဲ့ သို့ရင်း၊ မျက်စေ့ရှိသူ မြင်နိုင်အောင် ဟောပြတော်မူပါပေ၏။

အရှင်ကဿပ၊ ကျွန်ုပ်သည် ရှင်ဂေါတမကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုရင်း၊ သံဃာတော်ကို ရင်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ ယနေ့မှအစပြု၍ အသက်ထက်ဆုံး ကျွန်ုပ်ကို ရတနာသုံးပါး ဆည်းကပ် သော ဥပါသကာ ဟူ၍ မှတ်တော်မူပါ။

ထို့ပြင်လည်း ကျွန်ုပ်တို့သည် အလှူတော်ကို မပြတ် လှူလိုပါသည်၊ အကျိုး အာနိသင် များအောင် သုံးမ ညွှန်ကြားတော်မူပါဘုရားဟု လျှောက်၏။

---

## ယဇ်ပူဇော်ခြင်းကို ပြဆိုမှု

၂၉။ မြို့စား.... ယစ်ပူဇော်ခြင်း ရှိသူတို့သည် နွား, ဆိတ်, ကြက်, ဝက် တို့ကို သတ်ဖြတ်၍ ပူဇော်ကုန်အံ့၊ အလှူခံ ပုဂ္ဂိုလ်တို့သည်လည်း မှားယွင်းစွာ သိမြင်ခြင်း၊ ကြံခြင်း၊ ပြောဆိုခြင်း၊ ပြုလုပ်ခြင်း၊ အသက်မွေးခြင်း၊ အားထုတ် ခြင်း၊ အောက်မေ့ခြင်း၊ တည်ကြည်ခြင်းဖြင့် မှောက်မှား ကြကုန်၏။

ဤသို့သော ယစ်ပူဇော်ခြင်းသည် အကျိုး အာနိသင် မရှိ၊ ဥပမာသော်ကား.... လယ်သမားသည် ကောင်းစွာ မထွန်ယက်ဘဲ သစ်ငုတ် ထူသော မြေကြမ်း၌ နှံ့သော

စပါးဖျင်းတို့ကို စိုက်ကြဲအံ့၊ မိုးသည်လည်း အချိန်မှန် မရွာသွန်းအပ်၊ ထိုကောက်ပင်တို့သည် ကြီးပွားနိုင်ကုန်အံ့လော၊ မကြီးပွားနိုင်ကုန်၊ စပါးများစွာ ရနိုင်အံ့လော့၊ မရနိုင်ကုန်။

မြို့စား....ဤအတူပင် လှူသူကလည်း သီလမစင်ကြယ်၊ အလှူခံကလည်း သီလ မစင်ကြယ်လျှင် အကျိုး အာနိသင် မများနိုင်ပါ။

မြို့စား.... ယစ်ပူဇော်ခြင်း၌ နွား, ဆိတ်, ကြက်, ဝက်တို့ကို သတ်ဖြတ်ခြင်း မပြုမူ၍ လှူကုန်အံ့၊ အလှူခံ ပုဂ္ဂိုလ်တို့သည်လည်း မှန်စွာသိမြင်ခြင်း၊ မှန်စွာကြံခြင်း၊ ပြောဆိုခြင်း၊ ပြုလုပ်ခြင်း၊ အသက်မွေးခြင်း၊ အားထုတ်ခြင်း၊ အောက်မေ့ခြင်း၊ တည်ကြည်ခြင်းဖြင့် မှန်စွာ ပြုလေ့ရှိကုန်၏၊ ဤသို့သဘောရှိသော ပူဇော်ခြင်းသည် အကျိုး အာနိသင် များပါ၏။

ဥပမာသော်ကား လယ်သမားသည် ကောင်းစွာ ထွန်ယက်၍ သစ်ငုတ် ကင်းသော မြေကောင်း၌ မျိုးသန့်စပါးကြဲအံ့၊ မိုးသည်လည်း အချိန်မှန် ကောင်းစွာ ရွာသွန်းအံ့၊ ထိုကောက်ပင်တို့သည် ကြီးပွားနိုင်ကုန်၍ စပါးများစွာ ရနိုင်ကုန်၏။

မြို့စား....ဤအတူပင် လှူသူကလည်း သီလ စင်ကြယ်၊ အလှူခံကလည်း သီလစင်ကြယ်လျှင် အကျိုး အာနိသင် များပါကုန်၏ဟု ဆုံးမစကား မိန့်ကြားတော်မူ၏။

---

## ဥတ္တရ လုလင်ဝတ္ထု

၃၀။ ထိုအခါ ပါယာသိရာဇည မြို့စားသည် ရဟန်း ပုဏ္ဏား, ခရီးသွား, ဖုန်းတောင်းယာစကာတို့အား အလှူ ဝတ္ထုတို့ကို မပြတ် ဖြစ်စေကုန်၏၊ ထိုအလှူ၌ ဆန်ကွဲ ထမင်း ပုံးရည် ဟင်းကိုရင်း၊ အဝတ်ကြမ်း ကိုရင်း၊ ပေးလှူ၏၊ အလှူကိစ္စ၌ ဝေယျာဝစ္စ ဆောင်ရွက်သော ဥတ္တရလုလင် သည် လှူသော အခါတိုင်း ဤဒါနကြောင့် ငါသည် ပါယာသိရာဇည မြို့စားကြီးကို ဤဘဝ၌သာ တွေ့ဆုံပါရ စေ၊ နောင်ဘဝ၌ မတွေ့ဆုံရပါစေသတည်းဟု ဆုတောင်း လေ့ရှိ၏။

ထိုဆုတောင်းသံကို မြို့စားကြီး ကြားသွားသောအခါ ခေါ်ပြီးလျှင် အမောင် ဥတ္တရ အဘယ်ကြောင့် ဤသို့ ဆုတောင်းဘိသနည်း၊ ငါသည် ကုသိုလ် အကျိုးကို လိုလား သည်ဟု ဆို၏။

အရှင့် အလှူတော်၌ ဆန်ကွဲထမင်း, ပုံးရည်ဟင်းတို့ မှာ စားဘို့ဝေးစွ ကိုင်ဘို့ ရှုဘို့မျှ မကောင်း၊ အဝတ်ကြမ်း

တို့မှာလည်း ဝတ်ဘိုဝေးစု အရှင့်သည် ခြေဖြင့် တွေ့ထိရန် ပင် အလိုမရှိရာ၊ ဝတ်ဆင်ရန်ကား အဘယ်မှာ ဆိုဘွယ် ရာ ရှိအံ့နည်း၊ ကျွန်ုပ်သည် အရှင့်ကို မြတ်နိုးပါ၏၊ မနှစ် သက်ဘွယ်နှင့် မရောယှက် စေလိုပါဟု လျှောက်ထား၏။

အမောင်ဥတ္တရ.... ဤသို့ ဖြစ်လျှင် ငါစားသော ဘော ဇဉ်မျိုးကို ပေးလှူလော့၊ ငါဝတ်ဆင်သော အဝတ်အထည် မျိုးကို ပေးလှူလောဟု မိန့်ဆို၏၊ ဥတ္တရ လုလင်သည် လည်း ကောင်းပါပြီဟု ဝန်ခံပြီးလျှင် အစားကောင်း အဝတ်ကောင်းတို့ကို ဆောင်ရွက် ပေးလှူတော်မူပါ၏။

ထို့နောက် ပါယာသိရာဇည မှူးစားကြီးသည် သဒ္ဓါ တရား နည်းပါး၍ မရိုမသေသော အလှူဒါနကိုရင်း၊ ကိုယ် တိုင် မလှူသော ဒါနကိုရင်း၊ စိတ်စေတနာ မပါသော ဒါန ကိုရင်း၊ စွန့်ပစ်၍ ပေးသော ဒါနကိုရင်း၊ လှူဒါန်းသူဖြစ် ခြင်းကြောင့် သေသောအခါ စာတုမဟာရာဇ် ဘုံ၌ အခြေ အရံ ကင်းဆိတ်သော ကုက္ကိုပြင် ဗိမာန်၌ စာတုမဟာရာဇ် နတ်သား အဖြစ်သို့ ရောက်လေ၏။

အလှူ ဝေယျာဝစ္စ ဆောင်ရွက်၍ စီမံအုပ်ချုပ်သော ဥတ္တရလုလင်သည်ကား သဒ္ဓါတရား ထက်သန်၍ ရိုသေစွာ ပြုသော ဒါနကိုရင်း၊ ကိုယ်တိုင်လှူသော ဒါနကိုရင်း၊ စိတ် စေတနာ ပါသော ဒါနကိုရင်း၊ မစွန့်ပစ်ဘဲ ကောင်းစွာ

လက်ရောက် လှူသော ဒါနကိုရှင်း ပြု၍ လှူဒါန်းသူ ဖြစ်သောကြောင့် သေသောအခါ တာဝတိံသာ ဘုံ၌ နတ်သားအဖြစ်သို့ ရောက်လေ၏။

---

## ပါယာသိ နတ်သားဝတ္ထု၊

၃၁။ ထိုအခါ ဂဝံပတိ မထေရ်သည် ပရိတ်သတ် ကင်းမဲ့သော ကုက္ကိုပြင် ဗိမာန်သို့ နေ့အခါ နေ့သန့်ခြင်းငှါ ကြွသွား၍ ပါယာသိရာဇည မြို့စားနတ်ကို မြင်သောအခါ ဒါယကာ နတ်သား.... အသင်သည် တမလွန်လောက မရှိဟူ၍ရှင်း၊ သေပြီးသော သတ္တဝါသည် ပြန်၍ ကိုယ်ထင်ရှား မဖြစ်ဟူ၍ရှင်း၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်သည် မရှိဟူ၍ရှင်း အယူ ရှိသည် မဟုတ်လောဟု မေးလေ၏။

အရှင်ဘုရား ဟုတ်မှန်ပါ၏ ဘုရား၊ သို့ရာတွင် အရှင်ကုမာရကဿပ မထေရ်သည် ထိုမိစ္ဆာအယူကို ကင်းပျောက်အောင် ဟောကြားတော်မူပါသည် ဘုရားဟု လျှောက်၏။

ဒါယကာ နတ်သား.... သင်၏ အလှူ၌ စိမ်အုပ်ချုပ်သော ဥတ္တရ လုလင်သည် အဘယ်၌ ဖြစ်သနည်း ဟု မေး၏။

အရှင်ဘုရား....ဥတ္တရ လုလင်သည် အရိုအသေပြု၍ ဒါန စသည် ဖြစ်အောင် ပြုခြင်းကြောင့် တာဝတိံသာ နတ်ပြည်သို့ ရောက်သွားပါသည် ဘုရား၊ တပည့်တော်သည်ကား မရိုသေမှု၍ ဒါနစသည်ကို ပြုခြင်းကြောင့် ဤစာတုမဟာရာဇ်ဘုံ၌ ဖြစ်ရပါသည် ဘုရား။

အရှင်ဘုရား.... လူ့ပြည်သို့ ပြန်ကြွသောအခါ လူတို့အား သက္ကစ္စဒါန စသည် ဖြစ်အောင် အားထုတ်ကြကုန်လော ဟူ၍၎င်း၊ ပါယာသိရာဇည မြို့စားကြီးသည် အလှူရှင်ဖြစ်လျက် အသက္ကစ္စဒါန စသည်ကြောင့် စာတုမဟာရာဇ်၌ ဖြစ်သည်ဟူ၍၎င်း၊ ဥတ္တရ လုလင်သည် သူတပါးအလှူ၌ အရိုအသေပြု၍ အလှူကို လှူခြင်း စသည်တို့ကြောင့် သေသည်မှ နောက်၌ တာဝတိံသာ နတ်ပြည်ဝယ် နတ်သား အဖြစ်သို့ ရောက်ရပါ၏။

ထို့ကြောင့် အရှင် ဂဝံပတိထေရ်သည် လူ့ပြည်သို့ ကြွတော်မူသော်....လူတို့အား–

အရိုအသေပြု၍ အလှူကို လှူကြကုန်လော၊
မိမိလက်ဖြင့် အလှူကို လှူကုန်လော၊
အလေးအမြတ် ပြု၍ အလှူကို လှူကုန်လော၊
ပစ်ပစ်ခါခါကဲ့သို့ မပြုမူ၍ အလှူကို လှူကုန်လော။

ပါယာသိရာဇည မြို့စားသည် အရှိအသေ မပြုမူ၍ အလှူကို လှူခြင်း၊ မိမိလက်ဖြင့် မဟုတ်မူ၍ အလှူကို လှူခြင်း၊ အလေးအမြတ် မပြုမူ၍ အလှူကို လှူခြင်း၊ ပစ်ပစ်ခါခါကဲ့သို့ ပြု၍ အလှူကို လှူခြင်းကြောင့် သေပြီးသည်မှ နောက်၌ အခြွေအရံ ကင်းမဲ့သော ကုဋ္ဌိပြင်ဗိမာန်ဝယ် စာတုမဟာရာဇ် နတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ရ၏။

ထို ပါယာသိရာဇည မြို့စား၏ အလှူ၌ စီမံအုပ်ချုပ်ကာ ဝေယျာဝစ္စ ဆောင်ရွက်သော ဥတ္တရ လုလင်သည်ကား အရှိအသေပြု၍ အလှူကို လှူခြင်း၊ မိမိလက်ဖြင့် အလှူကို လှူခြင်း၊ အလေးအမြတ်ပြု၍ အလှူကို လှူခြင်း၊ ပစ်ပစ်ခါခါ ကဲ့သို့ မပြုမူ၍ အလှူကို လှူခြင်းကြောင့် သေပြီးသည်မှ နောက်၌ တာဝတိံသာ နတ်ပြည်ဝယ် နတ်တို့၏ အပေါင်း အဖော်အဖြစ်သို့ ရောက်ရ၏ဟု မိန့်ကြားတော်မူပါလော ဟု လျှောက်၏။

ထိုအခါ အရှင်ဂဝံပတိ မထေရ်သည် လူ့ပြည်သို့ကြွလာ၍ အထက်ပါအတိုင်း အရှိအသေပြု၍ အလှူကို လှူခြင်း စသည်ဖြင့် ဟောကြားတော်မူလေသတည်း။

ပါယာသိရာဇညသုတ် မြန်မာပြန် ပြီး၏။

# သမ္မသနဉာဏ် ရှုစဉ်လမ်း

## (ဝိပဿနာ အစ သမ္မသန)

---

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ**

ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံကြကုန်သော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် သာသနာတော်နှင့် တွေ့ကြုံရခိုက် ယခုဘဝနှင့်ပင် မဂ်ဖိုလ်ကို အရ မယူနိုင်စေကာမူ သံသရာတွင် ကျင်လည်နေရသမျှ ကာလပတ်လုံး လူ့ဘဝ နတ်ဘဝစသော အထက်တန်း ဘဝတို့၌ တိဟိတ် ဉက္ကဋ္ဌ အရိယာဇာတ် အနွယ်ဝင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်နိုင်ကြစေရန်နှင့် ဤသမ္မသန ဝိပဿနာဉာဏ် လုပ်ငန်းစဉ်ကို ပွားများအားထုတ်၍ ပညာမျိုး စိုက်ပျိုးရန် အထူးသင့်လျော်လှပေသည်။

# မဂ်ဉာဏ် မျိုးစေ့ အစ သမ္မသန

ရှင်တော်မြတ်ဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါတို့အား ၄၅-ဝါ ကာလပတ်လုံး ဟောကြားတော် မူအပ်သော ဒေသနာတော်ကို အဆီ ညှစ်လိုက်ခဲ့ပါသော် ပညာ၏ အစ သမ္မသန ဉာဏ်ပင်ဖြစ်ပါသည်၊ မဂ်ဖိုလ်သို့ တက်လိုသော ပုဂ္ဂိုလ်များအတွက်လည်း ဤ သမ္မသန ဉာဏ်သည် အရင်း မူလ ဖြစ်ပါ၍ ပိဋကတ်တော်များ၌ ယာဉ် ၃-ပါးဟု အငင် အရှား ယုတ်ဘော် တော်မူထားပေသည်။

လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် စသော သုဂတိ ဘုံဘဝသို့ သွားရောက် လိုကြသော အမျိုး ကောင်းသား အမျိုး ကောင်းသမီးတို့မှာလည်း ဤ လက္ခဏာ ၃-ပါး ယာဉ်ကို ပင်လျှင် လက်ကိုင်တခု ပြုထားနိုင်ပါက အလွယ်တကူဖြင့် တက်လှမ်းသွားနိုင်ကြလေရကား သမ္မသန ဉာဏ်သည် ဗုဒ္ဓ ဘာသာဝင် ပုဂ္ဂိုလ်တိုင်း အထူး ကိုးစားသင့် ကိုးစားထိုက် သော ဉာဏ်တခု ဖြစ်ပေသည်။

ဒါန သီလ ဘာဝနာ စသော သုစရိုက် တရားတို့ကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် သညာ ဝိညာဏ်အသိဖြင့် အားသုတ်ခြင်းထက် ပညာမြင် သဘော ပါဝင်အောင် အားထုတ်နိုင်ပါလျှင် ဤ ဒါန သီလ ဘာဝနာ တရားတို့ သည် အတိုင်းထက်အလွန် အကျိုးစီးပွားကို ပွားစီး ဆောင်

ရှုက်နိုင်ပါသည်၊ ဥပမာ ပန်းတပွင့် လှူဒါန်းသော ကုသိုလ်မှု ဒါနမှုကလေးကပင် မင်္ဂဖိုလ်ကို ချူနိုင်သည်ဟု ပိဋကတ်တော် များ၌ ထုတ်ဘော်ဆုံးမချက်ကို ဝေဘန် သုံးသပ်ပါလျှင် ပညာသိ သဘောဖြင့် ပြုလုပ် လှူဒါန်းကြသောကြောင့်သာ မဂ်ဖိုလ်ကို ချူသည်ဟု ဆိုလိုပါသည်။

---

## ဗုဒ္ဓဘာသာအစ သမ္မသန

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တိုင်း ရှင်တော်မြတ်ဘုရား သာသနာတော်နှင့် တွေ့ကြုံခိုက်တွင် အသိဉာဏ်ခေါ် ပညာမျိုး စေ့ကလေးကို ရအောင် ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း အရယူ နိုင်ရန် တာဝန်တခု ဖြစ်ပေသည်၊ ဤ ပညာ မျိုးစေ့ကလေး ကိုမျှ မရမရှိပါက သာသနာတော်နှင့် တွေ့ကြုံကျိုး နပ်ကြ မည် မဟုတ်ပေ၊ သံသရာကြီးတွင် ကျင်လည် မျောသွားနေ ကြသော ပုဂ္ဂိုလ်တို့မှာ သညာသိ ဝိညာဏ်သိ သဘောတရား ဖြင့် မျောသွားနေပါက ဘယ်အခါတွင် ကမ်းသို့ ဆိုက် ရောက်နိုင်ပါမည်နည်း။

ပညာသိ သမ္မသနဉာဏ် ပညာ မျိုးစေ့ကလေးကို လက် ကိုင် ရရှိပါက သံသရာကြီးတွင် ကျင်လည်ရသော်လဲ အား ငယ်စရာ မလိုတော့ပါ၊ အထက်တန်း ဘဝတွင် မျက်နှာပန်း

လှုလှုနှင့် ကျင်လည်သွားနိုင်ပါ၍ ပါရမီ လုပ်ငန်းစဉ်ကြီး တွေကို အစွမ်းကုန် ဖြည့်ဆည်း ပူးတော်မူကြပြီးလျှင် အနုံ ပါဒိသေသ ဘုံနန်းသို့ စံမြန်းတော်မူမည်ကား မလွဲနိုင်ပါ။

ယခုအခါ သာသနာတော်၌ ဥစ္ဆေဒဒိဋ္ဌိခေါ် အဆစ်ပိုး ကြီး ကျရောက်နေပြန်ပါပြီ၊ အချို့သော ဘာသာရေး ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများက ခေတ်အကြိုက် လိုက်၍ နိုင်ငံရေး လောကနှင့် ပူးကပ် ပေါင်းယှဉ်ပြီးလျှင် ဝါဒသစ် ကြီးတခု ဖေါ်ထုတ်နေကြသည်မှာ အောက်ပါ အတိုင်း ဖြစ်ပေသည်။

---

## ဥစ္ဆေဒ ဒိဋ္ဌိခေါ် အဆစ်ပိုးကြီး

နိုင်ငံရေး လောကနှင့် ယှဉ်တွဲ၍ အချို့သော ဘာသာ ရေး ခေါင်းဆောင် ပုဂ္ဂိုလ်တစုတို့က ဟောပြော အား ထုတ်နေကြသည်မှာ ပါယာသိရာဇညဲ မှိုစား စွဲယူထား သော အယူဝါဒဆိုးကြီး အလားတူ မျက်ကွယ်မရှိ၊ မျက် မှောက်သာ ရှိ၏ဟု ယူမှားသော အယူဝါဒ အတိုင်း ပစ္စုပ္ပန်သဘောသာ ရှိ၏၊ အတိတ်နှင့် အနာဂတ်သဘော မရှိဟု ဘာသာရေးတရား သာသနာရေး တရားတို့ကို မလိုက်စား မဝေဘန်နိုင်သော တက်ခေတ် တက်လူက လေးများနှင့် ဗဟုသုတ အကြားအမြင် နည်းပါးသော

လူတစုတို့အား နည်းပရိယာယ် အမျိုးမျိုးဖြင့် သွေး ဆောင်းဖြားယောင်း၍ အမှားဘောင်သို့ သွင်းဆောင် နေလေပြီ။

သွေးဆောင် ဖြားယောင်းပုံမှာ- မျက်စိနှင့်သော်ငင်း၊ နားနှင့်သော်ငင်း၊ နှာခေါင်း, လျှာ, ကိုယ် ဤငါးပါးတို့ နှင့် စမ်းသပ်တွေ့ထိ ကိုင်တွယ် မြင်စကောင်းမှ သာလျှင် ရှိသည်ဟု ဟုတ်မှန်သည်ဟု ယူဆနိုင်မည်၊ မျက်စိနှင့် စမ်း သပ်၍ မတွေ့သော အရာဝတ္ထု အလုံးစုံကို ရှိသည်ဟု မယုံ ကြည်နိုင်ရာ၊ ၎င်းအရာဝတ္ထုတို့သည် သညာ ဝိညာဏ် တို့၏ အတွေးအခေါ်သာ ဖြစ်သည်၊ ဤ အတွေး အခေါ်တို့ကို ငါတို့ ဗုဒ္ဓဘာသာတွေ ယုံကြည် ယူမှား လာကြသည့် အတွက် ခေတ် နောက်ပြန် ကျနေသဖြင့် စီးပွားရေး ကြီးပွားရေး လူမျိုးရေး ကျန်းမာရေး ချိတ့် ပြီးလျှင် ကမ္ဘာကြီး၏ ကြီးပွား တိုးတက်ရေးတွင် ခေတ် မမှီကြဘဲ အောက်တန်း နောက်တန်းတွင် ပိန်းကောမကြီးကို ရှက်ထူ ပြီး လိုက်နေကြသည်၊ အုံးပုံခေတ် လေယာဉ်ပျံခေတ်တွင် ငါတို့ မြန်မာနိုင်ငံသည် လှည်းခေတ် လှေခေတ်ကြီးနှင့် လိုက်နေကြရလေသည်။

သညာ ဝိညာဏ် အတွေး အခေါ်တို့ကို ပယ်ထုတ်ကြ ကုန်လော၊ အတိတ်သဘော အနာဂတ်သဘောတို့ကို ပယ် ထုတ်ကြကုန်လော၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်ဟု

ဆိုအပ်သော ငါးပါးသော ပသာဒရုပ်တို့နှင့် စမ်းသပ်၍ ရစကောင်းသော ပစ္စုပ္ပန်သဘောသာ ရှိ၏၊မျက်စိနှင့် ကြည့်ရှု၍ ရစကောင်းသော သဘောတရား မှသာလျှင် သညာ ဝိညာဏ် အတွေးအခေါ် လွတ်ကင်း၍ မျက်မှောက် သဘောတရား အမှန်ဖြစ်ပေသည်။

ဘာသာရေး သာသနာရေးနှင့် ပတ်သက်၍ ပညာရှိများ ဆိုးမထားကြသော ငရဲပြည် ငရဲသား ငရဲသူ စသော အကုသိုလ်ကံ၏ အကျိုး ခံစား နေကြရခြင်းတို့သည် သင်တို့၏ မျက်စိဖြင့် မြင်ရဲ့လား၊ သင်တို့၏ နားဖြင့် ကြားရဲ့လား၊ နှာခေါင်း, လျှာ, ကိုယ်တို့နှင့် တွေ့ထိလို့ ရကြရဲ့လား၊ မရနိုင်တဲ့ သဘောတရားတွေကို ရှိတယ်လို့ စွဲယူမနေကြနှင့်၊ သညာ ဝိညာဏ် အတွေး အခေါ် သဘောမျိုး ဖြစ်၍ အတိတ် အနာဂတ်တို့ကို ရှိတယ်လို့ မစွဲယူကြနှင့်၊ သင်တို့အား သညာ ဝိညာဏ် ဆရာကြီးတို့က ခြောက်လှန့်ခဲ့သည်ဟု မျက်ကွယ် လောကကြီးကို ပယ်ထုတ် ကြလေသည်။

ကုသိုလ်ကံနှင့်ပတ်သက်သော အကျိုးပေးမှု ခံစားမှုခေါ် နတ်ပြည်လောက ဗြဟ္မာ့ပြည်လောက တို့ကိုလည်း မျက်စိဖြင့်စမ်းသပ်၍ မရစကောင်းသော သဘောတရားမျိုး ဖြစ်၍ အဘယ်မှာ ရှိနိုင်ပါအံ့နည်း၊ သညာ ဝိညာဏ် သမားတို့၏ အတွေး အခေါ် သဘောတရားများ ဖြစ်၍ မျက်ကွယ်

ဖြစ်လေရကား ပယ်ထုတ် ကြကုန်လော၊မျက် မှောက် ခေါ် မျက်စိနှင့် စမ်းသပ်၍ တွေ့နိုင်သော ပစ္စုပ္ပန် သဘောတရား မှ ရှိတယ်လို့ ယူရမည်ဟု အမျိုးမျိုးသော နည်းပရိယာယ် တွေ ထုတ်၍ လူပြိန်း လူအတွိုအား ဒုံးပျံခေတ် ဂြိုဟ်တု ခေတ် လဗိမာန်ဆင်းတော့မည်ဟူသော ခေတ်တို့ကို ပြ၍ သွေးဆောင်ပြီးလျှင် ဥစ္ဆေဒဒိဋ္ဌိသို့ ဆွဲချနေလေပြီ။

---

## နိယတမိစ္ဆာဒိဋ္ဌိကံ ၃-ပါး ပေါ်ထွက်ပုံ

နိယတ မိစ္ဆာဒိဋ္ဌိကံ ဆိုသည်မှာ ဥစ္ဆေဒဒိဋ္ဌိ အစွဲအယူ ထက်သန် ကြီးမားလာကြသော ပုဂ္ဂိုလ်တို့သည် ၎င်းတို့၏ နှလုံးအိမ်၌ အမှားကြီး ၃-ပါး ပေါ်ထွက် နေတတ်ကြလေ သည်။

၁။ **အဟေတုကဒိဋ္ဌိ** ကုသိုလ် အကုသိုလ်ကံ ခေါ် အကြောင်းတရား မရှိဟု ယူမှားသော ဒိဋ္ဌိကြီး တချက် ပေါ်ထွက်တတ်လေသည်၊ မျက်မှောက်သာရှိ၏၊ မျက်ကွယ်မ ရှိဟု ယူမှားသော ပုဂ္ဂိုလ်သည် အတိတ် အနာဂတ်ကို ပယ် သဖြင့် အတိတ်ဘဝလည်း မရှိ၊ အနာဂတ် ဘဝလည်း မရှိဟု ယူမှားသောကြောင့် ကုသိုလ် အကုသိုလ်ကို ရှိ၏ဟု မယူ ခြင်းသည် အဟေတုကဒိဋ္ဌိ အယူဆိုးကြီး နှလုံးအိမ်၌ ပေါ် ထွက်လာလေသည်။

၂။ **အကိရိယဒိဋ္ဌိ** ဆိုသည်မှာ- ပြုဘွယ် မရှိပြီဟု စွဲယူများသော အယူဝါဒဆိုးကြီးကို ဆိုလိုသည်၊ ဤ အယူဆိုးကြီးသည်ကား အကြောင်းဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံ တရားတို့ကို မရှိဟု ပယ်ထုတ်ကြသော ပုဂ္ဂိုလ်တို့မှာ ထိုကံ၏ အကျိုးတရားကိုလည်း ခံစားဘွယ်မရှိဟု ဒုတိယအစွဲမှားကြီး ထပ်မံ၍ စွဲယူကြပြန်လေသည်။

ဤဒိဋ္ဌိကြီးကား အကျိုးတရားကို ပယ်ထုတ်သော ဒိဋ္ဌိစွဲကြီးတခု ဖြစ်ပေသည်၊ ရှင်တော်မြတ်ဘုရား ရှိတော်မူစဉ်က ဘုရားပွင့် ပေါ်ထွက်နေကြသော (၆) ယောက်သော ဒိဋ္ဌိဆရာကြီးတို့၏ အစွဲအယူမျိုးကို ခေါ်ဆိုလေသည်၊ မျက်မှောက်သာ ရှိ၏၊ မျက်ကွယ်မရှိဟု စွဲယူသော အယူမှားသည်၊ ယခုခေတ်ပေါ်ပြသော ဒိဋ္ဌိကြီးကို အားပေး အထောက်အကူ ပြုသော အယူမှားဟု ဆိုလိုသည်။

၃။ **နတ္ထိကဒိဋ္ဌိ** ဆိုသည်မှာ အကြောင်း တရားခေါ် ကုသိုလ်ကံ အကုသိုလ်ကံ ၂-ပါးကို ပယ်ထုတ်ခြင်း, ခံစားခြင်းခေါ် အကျိုးတရားကို ပယ် ထုတ် ခြင်း အား ဖြင့် အကြောင်းနှင့်အကျိုး ၂-ပါးစုံကို ပယ် ထုတ် ခြင်း မျိုး ကို နတ္ထိကဒိဋ္ဌိဟု ခေါ်သည်။

ဤဒိဋ္ဌိမျိုးသည်လည်း အဘိတ် အနာဂတ် ၂-ပါး မရှိဟု စွဲယူသော ပုဂ္ဂိုလ်တို့မှာ သဘာဝအားဖြင့် ပေါ်ထွက်၍ စွဲယူခြင်းမျိုးပင် ဖြစ်ပေသည်။

## သဘာဝအားဖြင့် ဒိဋ္ဌိကြီးသို့ ကျဆင်းပုံ

မျက်မှောက် လောကသာရှိ၏၊ မျက်ကွယ်လောက မရှိဟု စွဲယူသော ပုဂ္ဂိုလ်တို့သည် အတိတ်သဘော အနာဂတ်သဘော ၂-ပါးတို့ကို ပယ်ထုတ်ပြီးလျှင် မျက်စိဖြင့် မြင်တွေ့ရသော ပစ္စုပ္ပန် သဘောတခုသာ ရှိ၏ဟု ပြင်းတန်စွာ စွဲယူလာခဲ့သော် ထိုပုဂ္ဂိုလ်၏ စိတ် ဝိညာဏ်သည် သဘာဝအားဖြင့် ဒိဋ္ဌိကြီး ၃-ပါးပေါ်တွင် ကျင်လည်ကျက်စား၍ ပျော်မွေ့နေလေတော့သည်။

ကျေးဇူးရှင် ဖြစ်ကြသော အဘ အမိတို့ကိုပင် ကျေးဇူးစကားကို ချေဖျက်လျက် မိဘ ၂-ပါး လော်ပာ၍သာ မွေးဖွားလာရသည်၊ ကျေးဇူးတင်စရာ မလိုဟူ၍၎င်း၊ ဆရာသမားစသော အနန္တ ဂိုဏ်းဝင်တို့ကိုပင် အရိုအသေကင်းမဲ့၍ မထေလေးစား ပြုလုပ်လာတတ်လေသည်၊ ယခုမျက်မှောက်ကျွေးတုံး ပေးတုံးသာလျှင် ကျေးဇူးတင်မည်၊ မျက် ကွယ်မရှိ၊ ယူထားခြင်းကြောင့် ကျွေးမွေး ပေးကမ်း၍ လက်ထဲရောက်သည်နှင့် တပြိုင်နက် ကျေးဇူးတရားကို ချေဖျက်မည်ကား မလွဲနိုင်ရာ၊ ခွေးတိရစ္ဆာန်ကပင် အရှင်၏ကျေးဇူးကို သိ၍ ကျွေးမွေးသော ပုဂ္ဂိုလ်အား သခင်ဟု မှတ်ထင်ပေလိမ့်မည်၊ ထို ဥစ္ဆေဒ ဒိဋ္ဌိ အစွဲအယူရှိသော ပုဂ္ဂိုလ်များကား အဘယ်မှာလျှင် ကျေးဇူးရှင်ဟု မှတ် ထင် သိတော့အံ့နည်း။

ဤအယူဝါဒ သက်ဝင်လာသော ပုဂ္ဂိုလ်တို့သည် လောကကြောင်း ဓမ္မကြောင်းတွင် လူအပေါင်းတို့နှင့် ဆက်ဆံ၍ မရနိုင်သော ပုဂ္ဂိုလ်မျိုးဖြစ်၍ တဘက်သတ် အယူသန် ပုဂ္ဂိုလ်၏ အဖြစ်သို့ ကျရောက် သွားသော အန္ဓပုဂ္ဂိုလ် အဆင့် အတန်းတွင် တည်ရှိနေလေသည်၊ ဤ ပုဂ္ဂိုလ်မျိုးနှင့် ဆက်ဆံ နေကြရသော ပုဂ္ဂိုလ်တို့မှာ အစဉ်အားဖြင့် စိတ်ဆင်းရဲမှု နှင့် တွေ့ကြုံရတတ်ကြောင်း သတိပြုသင့်ပေသည်။

---

## ပညာကင်းသည်း ထင်းတုံးပမာ

ဤသို့အားဖြင့် အတိတ် အနာဂတ် မရှိ၊ ပစ္စုပ္ပန် သာ ရှိ၏ ဟူ၍ရင်း၊ မျက်ကွယ်မရှိ၊ မျက်မှောက်သာရှိ၏ ဟူ၍ရင်း စွဲယူသော အယူဝါဒသည် ရှင်တော် မြတ်ဘုရား ဟောကြားတော် မူအပ်သော လက္ခဏာယာဉ် ၃-ပါးကို ပင် ပယ်ဖျက်ရန် ရောက်နေပေသည်၊ အနိစ္စ ဒုက္ခ အနတ္တဟု ဆိုအပ်သော လက္ခဏာယာဉ် ၃-ပါးသည် မည်သည့် သဘောတရားမှ ပေါ်ထွက်လာသနည်းဟု ဝေဘန် သုံးသပ် သော် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလ ၃-ပါး သဘောတရားမှ ထွက်ပေါ်လာကြသော လက္ခဏာယာဉ် ၃-ပါး ဖြစ်ပေသည်။

## ယာဉ် ၃-ပါး ထွက်ပေါ်လာပုံ

အနိစ္စ လက္ခဏာ ယာဉ်သည်ကား အတိတ်ကာလ အတွင်းရှိ ရုပ်နာမ်ထရားတို့ကို ရှုမှတ် ဝေဘန် ပိုင်းခြား သော ယာဉ်ဖြစ်လေသည်၊ ဒုက္ခ လက္ခဏာသည်ကား အနာ ဂတ် ကာလအတွင်းရှိ ရုပ်နာမ် တရားတို့ကို ပိုင်းခြား ဝေ ဘန်သော ယာဉ် ဖြစ်လေသည်၊ အနတ္တ လက္ခဏာ ယာဉ် သည်ကား ပစ္စုပ္ပန် ကာလ အတွင်းရှိ ရုပ်နာမ်တရားတို့ကို ပိုင်းခြား ဝေဘန်သော ယာဉ် ဖြစ်လေသည်။

ယာဉ်ဖြစ်ပုံနှင့် ဝေဘန်ပုံကို ရှေ့ပိုင်းတွင် ထင်ရှားပါ လိမ့်မည်၊ ဤယာဉ် ၃-ပါးဟု ခေါ်ဝေါ်ခြင်းသည် အတိတ် အနာဂတ် ပစ္စုပ္ပန် သဘော တရားတို့၏ အပေါ်မှာ ဆင် ခြင် သုံးသပ်သဖြင့် ထွက်ပေါ်လာရသော ပညာ သဘော တရားကို ယာဉ်ဟု ခေါ်ဆိုထားသောကြောင့် အတိတ် အနာဂတ် ၂-ပါး မရှိသော ပုဂ္ဂိုလ်တို့မှာ အဘယ်မှာလျှင် သုဂတိ ဘဝသို့ရင်း၊ နိဗ္ဗာန်သို့ရင်း သွားရာ ယာဉ်သဘော တရား ရှိတော့ပါမည်နည်း၊ သေလျှင် ကေန္တအားဖြင့် အပါယ်လေးပါး သံသရာသို့ ရောက်ရမည်ကား အမှန်ဖြစ် နေပေသည်။

ထို့ကြောင့် ကာလ ၃-ပါးအတွင်းရှိ ရုပ်နာမ်တို့ကို ဆင်ခြင် သုံးသပ်မှသာလျှင် လက္ခဏာယာဉ် ထွက်ပေါ်နိုင်

လေရကား ဗုဒ္ဓါဒိ အယူ ရှိတော်မူကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဤ ဥစ္ဆေဒဒိဋ္ဌိ ခေါ် အယူဆိုးကြီးကို သဘာဝဖြင့် အမှန်သိ၍ ပယ်ထုတ်တွန်းလှန်နိုင်ရန် သမ္မာသနညာဏ်၏ လုပ်ငန်းစဉ်ကို ထုတ်ဖော် ရေးသားရပေသည်။

ထို ဥစ္ဆေဒဒိဋ္ဌိ အစွဲအယူ ရှိကြကုန်သော ပုဂ္ဂိုလ်တို့က ဆင်ခြေတက်ကြလိမ့်ဦးမည်။

---

## ဥစ္ဆေဒဒိဋ္ဌိ လက်မထောင်ပုံ

မျက်ကွယ်မရှိ မျက်မှောက်သာ ရှိ၏ဟု အယူရှိကြသော ပုဂ္ဂိုလ်တို့က ငြင်းပယ်ပြန်သည်မှာ လူ့ပြည်သာ ရှိ၏၊ နတ်ပြည် ဗြဟ္မာပြည် ငရဲပြည်စသော မျက်စိဖြင့် မမြင်နိုင်သော သဘောတရားတို့ မရှိသဖြင့် အဘယ်မှာလျှင် လက္ခဏာ ယာဉ် ၃–ပါး ရှိနိုင်ပါမည်နည်းဟု ငြင်းဆိုကြပေလိမ့်မည်။

ထိုအယူဝါဒ သမားတို့ကို မေးစိစစ်ရမည်၊ ယခု မျက်မှောက် ဖြစ်ပေါ်နေသော ဤကိုယ်ကြီးသည် သေခြင်းတရား မရှိပြီလောဟု မေးပါ။ ထိုအခါ သေခြင်း တရားရှိ၏ဟု ဝန်ခံကြပေမည်၊ သေသောအခါ လူတို့၏ အသက် ဝိညာဏ်သည် ဘယ်သို့သွားသနည်းဟု မေးမြန်းသောအခါ

ဂုဏ်ပုဂ္ဂိုလ်တို့က အသက်ဆိုသည်မှာ ထွက်လေဝင်လေသာ ဖြစ်၍ လူသေသောအခါ ထွက်လေနှင့် ဝင်လေ သည် ကောင်းကင်လေ ဓာတ်ထဲသို့ ဝင်သွားသည်ဟု ပြောဆို လိမ့်မည်။

ဤကိုယ် ရုပ်ကြီးကား မြေကြီးသြဇာ ဖြစ်သွားသည်ဟု ပြောလိမ့်မည်၊ အသက်ခေါ်သော ထွက်လေ ဝင်လေသည် ကောင်းကင် လေဓာတ်ထဲသို့ ဝင်သွားခြင်းသည် အနာဂတ် သဘောပင် မဟုတ်ပါလော၊ မဖြစ်သေးသည့် သဘောကို အနာဂတ်ဟု ခေါ်ဆိုနိုင်လေရကား၊ သင်တို့၏ အယူသည်ပင်လျှင် အနာဂတ်သဘော ပေါ်ထွက်နေပြီ မဟုတ်ပါလော၊ သို့မဟုတ် ဘယ်ကိုမျှ မသွားဘူး၊ ဤနေရာတွင် ပျောက်ကွယ်သွားသည်ဟု ဆိုခဲ့ပြန်သော် ထို ပျောက်ကွယ်သွားသော သဘောသည်ပင်လျှင် ပစ္စုပ္ပန် သဘောမှ ပြောင်းရွှေ့ ဖြစ်ပေါ်ရသော သဘောဖြစ်၍ မဖြစ်သေးဟူသော အနာဂတ် သဘောတွင် ပါဝင်သည်ဟု ဆိုနိုင်လေသည်။

---

## အတိတ်သဘော ရှိပုံကို ဝေဘန်ချက်

မျက်မှောက်သာ ရှိ၏ဟူ၍ဂုဏ်း၊ ပစ္စုပ္ပန်သာ ရှိ၏ဟူ၍ဂုဏ်း၊ စွဲယူထားသော ပုဂ္ဂိုလ်တို့၏ စွဲယူချက်ကို ဝေဘန်

သုံးသပ်ကြည့်ရမည်၊ ပစ္စုပ္ပန် ဖြစ်သော ဤကိုယ်သည် မိုးပေါ်က ကျရောက်လာသလော၊ သို့မဟုတ် အမိဝမ်းထဲက ဖြစ်ပေါ်လာသလောဟု အစကို ဝေဘန် ဆင်ခြင်ရမည်။

မိုးပေါ်ကဘဲ ကျရောက်လာသည်ဖြစ်စေ၊ သို့မဟုတ် အမိဝမ်းထဲကဘဲ ဖြစ်ပေါ်လာသည် ဖြစ်စေ၊ သို့မဟုတ် သူ့အလိုလို ဖြစ်ပေါ်လာသည်ဖြစ်စေ၊ ရှေးဦးစွာ အမှီပြုရသော သဘောတခုခု ရှိရပေမည်၊ အမှီ ပြုရသော သဘော ရှိမှသာလျှင် ပစ္စုပ္ပန်သဘော ထွက်ပေါ် နိုင်လေသည်၊ အမှီပြုရသော သဘော တရားကို နာမည်တပ်၍ ခေါ်ဝေါ်လိုလျှင် ပစ္စုပ္ပန် သဘောကို ထောက်၍ အတိတ်သဘောဟု ခေါ်ဆိုရပေမည်။

ထို့ကြောင့် ပစ္စုပ္ပန်သဘော ရှိ၏ဟု ဝန်ခံထားခြင်းသည်ပင်လျှင် အတိတ် အနာဂတ် သဘော ၂-ပါးစုံ ပါဝင်ပြီးစီးနေသည်ဟု ကိုယ်ပိုင်ညာဏ်ဖြင့် အဖန်ဖန် ဆင်ခြင် သုံးသပ်ပါ၊ ပစ္စုပ္ပန်သဘောကို မျက်မှောက် သဘောဟု ခေါ်ဆိုနိုင်ခြင်းသည် ပင်လျှင် မျက်ကွယ် သ ဘော ခေါ် အတိတ် အနာဂတ် ၂-ပါးကိုစွဲ၍ ခေါ်ဆို ထားခြင်းဖြစ်ကြောင်း အကြိမ်ကြိမ် ဝေဘန် သုံးသပ်ပါ၊ တဘက်သတ် အယူသန်နေခြင်းငှါ အရှိန် သတ်ထားပြီးလျှင် ၂-ဘက် ၂-လမ်း ခေါ် ဌာနာဌာန ကောသလ္လညာဏ်နှင့် စဉ်းစား

ဆင်ခြင်လျှင် သဘာဝဥာဏ် အမြင်မှန် ပေါ်ထွက် လာပါလိမ့်မည်။

အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူသော ကာလ ၃-ပါး သဘောတရားတို့သည် သင်္ခတ လောကကြီး၌ ကွဲပြားဖြစ်ပေါ်၍ တဦးနှင့် တဦး မဆက်စပ်သော သဘောတရားမျိုး မဟုတ်နိုင်ပါ၊ တဦးကို တဦးက ထောက်၍ ခေါ်ဝေါ်ကြသော သဘောတရားများ ဖြစ်သောကြောင့် နေထွက်လာခြင်းသည် မျက်စိဖြင့် မြင်တွေ့၍ ရစကောင်းသောကြောင့် မျက်မှောက် လောကဟု ခေါ်ဆို နိုင်လေသည်၊ ဤမျက်မှောက် လောကသည် တခုတည်းရှိ နေကောင်းသလောဟု စဉ်းစား ဆင်ခြင်လျှင် မျက်ကွယ် လောကကို စွဲ၍ ခေါ်ဆိုထားသောကြောင့် နေမင်း၏ ဥပမာ အတိုင်း မှတ်ယူရပါမည်။

နေမင်းကြီး ထွက်ပေါ်လာခြင်းသည် မျက်စိဖြင့် မြင်တွေ့နိုင်ခြင်း ဖြစ်၍ မျက်မှောက် လောကဟု ခေါ်သည်၊ နေဝင်သွားခြင်းသည် မျက်စိဖြင့် မမြင်နိုင်ခြင်း ဖြစ်၍ မျက်ကွယ်လောက ခေါ်ဆိုကြသလို မျက်မှောက် လောက ရှိပါလျှင် မျက်ကွယ် လောကလည်း ရှိနေပါမည်၊ ဤနည်းအတူ ပစ္စုပ္ပန် ရှိတယ်လို့ ယူပါလျှင် အတိတ် အနာဂတ်လည်း ရှိမည်ဖြစ်၍ အတိတ် အနာဂတ်ကိုတော့ မရှိဟု ယူလျှင် ပစ္စုပ္ပန်ကိုလည်း မရှိဟု ယူရလိမ့်မည်-သတ်ပြု။

## ကာလ ၃-ပါး ရုပ်နာမ် ဆင်ခြင်ပုံ

ကာလ ၃-ပါး ရုပ်နာမ်ကို ဆင်ခြင်လိုသော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် ရှေးဦးစွာ သန္တတိ ရုပ်နာမ်ကို တွေ့အောင် စုံစမ်း ရှာဖွေရမည်၊ သန္တတိ ရုပ်နာမ်ကို တွေ့မှသာ လက္ခဏာယာဉ် ၃-ပါးသို့ တင်၍ ဆင်ခြင် သုံးသပ်နိုင်လေသည်။

---

## ဝိညာဏ်အသိနှင့်ဘဲ စဉ်းစားကြည့်ပါ

အနိစ္စ မမြဲဟု ရှုမှတ် ပွားများသော ပုဂ္ဂိုလ်သည် ထို ရှုမှတ် ပွားများရာ၌ အနိစ္စအရကို ဝေဘန် သုံးသပ်ကြည့်သော် ဥပါဒ်, ဌီ, ဘင် သဘောတရား ရှိသော ရုပ် နာမ် တရားမျိုးကို ရှုမှတ် ပွားများ မှသာလျှင် အနိစ္စသဘော ကို တွေ့နိုင်ပါလိမ့်မည်၊ ဥပါဒ်, ဌီ, ဘင်, ကင်းသော သစ် တုံးကြီး, စားပွဲ, ကုလားထိုင်, လဘက်ရည်အိုး, လဘက် ရည်ပန်းကန် တို့ကို အနိစ္စဟု ရှုခဲ့ပါသော် ဥပါဒ်, ဌီ, ဘင် မရှိသောကြောင့် အဘယ်မှာလျှင် အနိစ္စကို တွေ့နိုင် ပါမည်နည်း။

အိုးကျကွဲခြင်း, ပန်းကန်ကျကွဲခြင်း တို့ကိုလည်း အနိစ္စ ဟု ရှုမှတ်ခဲ့သော် ရုပ်နာမ်တို့၏ သဘာဝ အစစ် အနိစ္စကို

ရှုမှတ်သည်ဟု မယူနိုင်ရာ၊ ပညတ် သဘော တရားတို့၏ ဖေါက်ပြန် ပျက်စီးခြင်းကို ရှုမှတ်နေခြင်းမျိုး ဖြစ်၍ ကာလ ၃-ပါး သမ္မသနညာဏ် စခန်းသို့ မသက်ဝင်နိုင်ပေ။

---

## သမ္မသနညာဏ် လက်တွေ့နည်း

နာမပညတ်နှင့် သဏ္ဌာနပညတ် ၂-ပါး ပေါ်လွင်နေသော လဘက်ရည်အိုး လဘက်ရည်ပန်းကန်ဟု ခေါ်ဝေါ်ကြသော (ဃနသမူဟ) ခေါ် အစိုင်အခဲ ရုပ်စု ရုပ်ဝိုးကြီးကို အနိစ္စဟု ရှုမှတ်ခဲ့သော် ဤ အနိစ္စမျိုးသည် ဃနသမူဟကို ရှုမှတ်သောကြောင့် အနိစ္စသဘော အမှန်ကို မတွေ့နိုင်ရာ နာမပညတ် သဏ္ဌာနပညတ် ၂-ပါး သုဉ်းဆိတ်နေသည့် သန္တတိ ရုပ်နာမ်မျိုးကို ရှုမှတ် ပွားများမှသာလျှင် သမ္မသနညာဏ် အနိစ္စမျိုးကို တွေ့နိုင်ပါသည်။

---

## သန္တတိ ရုပ်နာမ်ကို ဝေဘန်ပါ

သန္တတိ ရုပ်နာမ် ဆိုသည်မှာ အစဉ်မပြတ် ဆက်စပ်နေသော ဥပါဒ်, ဌီ, ဘင် သဘော ရုပ်နာမ်မျိုးကို ဆိုလိုသည်၊ ထို ရုပ်နာမ်မျိုးကို ဖွေ့အောင် ရှာဖွေ လိုသော

ပုဂ္ဂိုလ်သည် ရှေဦးစွာ (ဃနသမ္မုဟ) ခေါ် အစိုင် အခဲ ကြီးကို သုဉ်းဆိတ်အောင် အနတ္တဉာဏ်ဖြင့် ထုချေရမည်၊ သုဉ်းဆိတ်ခြင်း ဆိုသည်မှာလည်း နာမပညတ်နှင့် သဏ္ဌာန ပညတ် ၂-ပါး မပေါ်ထွက်ခြင်းကို သုဉ်း ဆိတ် ခြင်း ဟု ခေါ်သည်။

ဃနသမ္မုဟ သုဉ်းဆိတ်လိုသော ယောဂီ-အာရဒ္ဓပုဂ္ဂိုလ် သည် အောက်ဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယ ပရိဂ္ဂဟဉာဏ် ၂-ပါးတို့၌ လက်တွေ့ လုပ်ငန်းစဉ်ဖြင့် ပိုင်နိုင် စွာ ဉာတပရိညာကို သိမ်းဆည်းနိုင်သော ကလျာဏ မျက်စိ ပေါက်ရောက် ထင်မြင်ပြီး ဖြစ်စေရမည်၊ ဤ ဉာတပရိညာကို ပိုင်နိုင်စွာ အားထုတ်နိုင်မှလည်း နာမပညတ်နှင့် သဏ္ဌာန ပညတ် ခေတ်သိမ်း၍ ကလျာဏ မျက်စိ ပေါက်ရောက် နိုင် လေသည်။

သို့ရာတွင် အတိတ်ဘဝက ဆည်းပူးခဲ့ကြသော ပါရမီ ဉာဏ်ရှိသူ အမျိုးကောင်းသား အမျိုး ကောင်း သမီး တို့ မှာ ကား ဝိပဿနာအစ သမ္မသန ဉာဏ်ကပင် အားထုတ်လျှင် လည်း အားထုတ်နိုင်ပါသည်၊ အဘယ်ကြောင့် ဆိုသော် နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟ ဉာဏ် ၂-ပါးတို့ ကား သုတမယ ဉာဏ်ဖြင့် ပြီးနိုင်လေရကား၊ ဉာဏ်ကြီး သော ပါရမီရှင်များ အတွက် ပြည့်စုံနိုင်သည်ဟု မှတ်ပါ။

## သန္တတိ ရုပ်နာမ် သိမ်းဆည်းပုံ

သန္တတိ ရုပ် နာမ် ဆိုသည်မှာ အစဉ်မပြတ် ဆက်စပ် ဖြစ်ပေါ်နေသော သဘောတရားကို ဆိုလိုသည်၊ အစဉ်မပြတ် ဆိုသည်မှာလည်း သဘာဝမြေတို့၏ ပေါင်းဆုံ ဖြစ်ပေါ်နေခြင်းပင် ဖြစ်ပေသည်၊ ထိုသဘောကို ဝေဘန်လျှင် အောက်ပါအတိုင်း ဝေဘန် သိမ်းဆည်းနိုင်လေသည်။

(၁) ရူပါရုံခေါ် အဆင်းသဘော၊
(၂) စက္ခုပသာဒခေါ် အကြည်သဘော၊
(၃) စက္ခုဝိညာဏ်ခေါ် အမြင်သဘော၊
(၄) မနောဝိညာဏ်ခေါ် အသိသဘော၊

ဤ ၄-ပါးတို့ ပေါင်းဆုံ ဖြစ်ပေါ်ခြင်းကို သန္တတိ ရုပ် နာမ် ဟု ခေါ်သည်၊ သမ္မသန ဉာဏ်နှင့် သင့်လျော်သော သန္တတိ ရုပ်နာမ် ပေါ်ထွက်ပုံကို ဝေဘန်သိမ်းဆည်း ပြပေအံ့။

အဆင်းခေါ် အာရုံ သဘောတရားနှင့် အကြည်ခေါ် အာရမ္မဏိက သဘောတရား ၂-ခု တို့သည် အညီအညွတ် ပေါင်းဆုံခြင်းကို ရုပ်သန္တတိဟု ခေါ်ဆိုလေသည်၊ ထိုရုပ် သန္တတိကို အမှီပြု၍ စက္ခုဝိညာဏ်ခေါ် သညာသိနှင့် မနော

ဝိညာဏ်ခေါ် ဝိညာဏ်သိ ၂-ပါးတို့ ထွက် ပေါ် လာ ခြင်းသည် နာမ်သန္တတိဟု ခေါ်သည်။

ဤသို့အားဖြင့် ရုပ်သန္တတိ နှင့် နာမ်သန္တတိ တို့သည် အချင်းချင်း ဆက်စပ်၍ ဖြစ်နေပုံကို ဝိပဿနာ အလုပ်ကို အားထုတ်လိုသော ပုဂ္ဂိုလ်တို့သည် ရှေဦးစွာ ပိုင်နိုင်အောင် ဝေဘန်ခွဲခြား သိရပေမည်။

မှတ်ချက်။ အဆင်းနှင့် အကြည် ဆက်စပ် နေခြင်းကိုသာ ရှုရမည်၊ ခေတ် ၄-ပါး ခေတ် ၈-ပါး စသော သဘော တရားတို့ကို ရှုမှတ်ရန်မလို၊ ဤနည်း အတူ သညာ နှင့်ဝိညာဏ်တို့၏ ဆက်စပ်နေခြင်းကိုသာ ရှုရမည်၊ သဘောတရားတွေကို ဝေဘန်နေရန် မလိုပါ၊ သဘောတရားကို ဝေဘန် နေခဲ့သော် အဘိဓမ္မာ သဘောထဲ ကျရောက် သွားမည်၊ (သတိ ကြပ်ကြပ်ပြုပါ)

---

## ရုပ်သန္တတိ ဆက်စပ်ပုံမှာ

အဆင်းသဘော နှင့် အကြည် သဘော ဆက်စပ်ပုံ သန္တတိ ဖြစ်ပုံကို ဝေဘန်သိမ်းဆည်း ပြဦးမည်၊ ဒီအဆင်း

သဘောကား ရုပ်သဘော ဖြစ်ပေ၏၊ အကြည် သဘော လည်း ရုပ်သဘောဖြစ်ပေ၏၊ တစုံတရာ ပေါ်ထွက်နိုင်သော ဗျာပါရ မရှိ၊ ဗျာပါရမှ ကင်းဆိတ်လျက် နေ၏။

၎င်းတို့၏ ဆက်စပ်နေခြင်းသည် အာစဉ်သဘော အနေ အားဖြင့် ဆက်စပ်နေခြင်း မည်၏၊ သခ်တလောက ခေါ် ပုံပြင်သော လောကတွင် ပေါ်ထွက်နေကြရသော သဘာဝ မျိုး ဖြစ်၍ တဦးနှင့်တဦး မည်သို့မျှ ဗျာပါရ မရှိဘဲနှင့် ပေါ်ထွက်နေရမှုခြင်း တူသောကြောင့် အာစဉ်သဘောအား ဖြင့် ဆက်စပ်နေကြလေသည်။

ဤအဆင်း နှင့် အကြည် ၂-ပါးကို ပုံပြုပြီးလျှင် သခ်တ လောကတွင် ဖြစ်ပေါ်နေကြသော ရုပ်သဘော အလုံးစုံတို့ ၏ အချင်းချင်း ပေါင်းယှဉ် တွဲကပ် ဆက်စပ်နေပုံတို့ကို ဉာဏ် အမြင် ထင်ရှားလာအောင် ရုပ်သန္တတိကို အကျယ်ဝေဘန် ၍ သိမ်းဆည်းရမည်၊ ဥပမာ ယခုလောကတွင် ရေဒီယို ခေါ်သော အရာဝတ္ထုတို့သည် ရုပ်သန္တတိ၏ ဆက်စပ်ပုံကို ထုတ်ဖေါ်ပြနေသည်မှာ အင်္ဂလန် အသံသည် မြန်မာနိုင်ငံ ရေဒီယိုမှာ လာရောက် ပေါ်ထွက် နေသည်ကို စဉ်းစား ကြည့်က သိနိုင်ပါလိမ့်မည်။

ဤ အရာဝတ္ထုကို ထောက်ရှုသဖြင့် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ ငရဲဘုံစသော ဘုံတို့၌ရှိသော ရုပ်တရားတို့သည်

လည်း အချင်းချင်း ဆက်စပ်နေကြသော သန္တတိ သဘော တို့ကို သဘော ပေါက်မြောက်နိုင်ပေရမည်၊ လူ့ပြည်မှာ ရှိ သော ရုပ်မျိုး နှင့် နတ်ပြည် ဗြဟ္မာ့ပြည် ငရဲပြည်ရုပ်တရား တို့၏ ဆက်စပ်နေပုံကို အကျယ် ဝေဘန် သိမ်းဆည်းနိုင်လေ သည်။

ဆိုလိုရင်း သဘောမှာ ဥတု ပြဋ္ဌာန်းသော ရုပ်မျိုး နှင့် အာဟာရ ပြဋ္ဌာန်းသော ရုပ် ၂-မျိုးသာ အစိုင်အခဲ ဃန အနေနှင့် ရှိကောင်းသော ရုပ်မျိုးဖြစ်သည်၊စိတ်, ကံ ၂-ပါး ပြဋ္ဌာန်းသော ရုပ်မျိုးမှာကား အစိုင်အခဲ ဃနဟူ၍ မရှိနိုင်ပြီ၊ ၎င်းအစိုင်အခဲ ဃနမရှိသော ရုပ်မျိုးကို မြတ်စွာဘုရားသည် သန္တတိရုပ် တရားဟု ထုတ်ဘော် ဆုံးမတော်မူသည်ဟု ဆိုလို သည်။

**မှတ်ချက်။** ဤဘော်ပြချက်သည် ပိဋကတ် ကျမ်းဂန်တွင် ပါရှိသော ရုပ်တရားတို့တွင် သန္တတိသဘော ရုပ်စုကို လက်တွေ့ဆွဲထုတ်၍ အဆီညှစ် ပြလိုက် ခြင်းပင် (စဉ်းစားဆင်ခြင်ပါ)။

---

## နာမ်သန္တတိ ထွက်ပေါ်ပုံမှာ

နာမ်သန္တတိ ဆိုသည်မှာ သညာ ဝိညာဏ် ၂-ပါးတို့၏ ဆက်စပ်နေခြင်းကို ခေါ်ဆိုသည်၊ သညာ သဘောသည်

ကား အဆင်း အကြည် ၂-ပါးတို့၏ ဆက်စပ်ခြင်း ဗျာပါရမှ ဖြစ်ပေါ်လာသော အသိသဘော ဖြစ်သည်၊ ထို အသိသဘော နှင့် ဝိညာဏ်ခေါ် အသိသဘောသည် အစဉ် ဆက်စပ်လျက် ရှိနေကြလေသည်။

လက်တွေ့ နည်းကို အလိုရှိကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ကိုယ်၏ ရှေ့မှောက်တွင် အရာဝတ္ထု တခုခုကို ထား၍ ဥပမာ လဘက်ရေ ပန်းကန်ကို ထား၍ (သို့မဟုတ်) လဘက်ရေအိုးကို ထား၍ အဆင်း အကြည်နှင့် သန္တတိ ဆက်စပ်ပုံ သညာ ဝိညာဏ်တို့နှင့် သန္တတိ ဆက်စပ်နေပုံတို့ကို ထင်ရှား ပေါ်လွင်လာအောင် (ဝါ) ဉာဏ်မှာ ထင်လာအောင် ရှုမှတ်ရမည်။

ရူပါရုံခေါ် အဆင်းသဘော နှင့် စက္ခုပသာဒ ခေါ် အကြည်သဘောတို့သည် မြင်ပှုခေါ် သဘောတရား၌ အစဉ် မပြတ် ဆက်စပ်နေကြလေသည်၊ ၎င်းတို့၏ ဆက်စပ်ခြင်းကို ရုပ်သန္တတိဟု ခေါ်သည်၊ ထို ရုပ်သန္တတိမှ သညာ ဝိညာဏ်ခေါ် နာမ်သန္တတိ ထွက်ပေါ်၍ ၄-ပါး ပေါင်းဆုံသည်ဟု အဘိဓမ္မာ လောကတွင် သမုတ်ကြလေရာ ၎င်းပေါင်းဆုံမှုကို ဝိပဿနာရှုကြရလေသည်။

## ဝိပဿနာ အဘယ်သို့လဲ

ဝိပဿနာ လုပ်ငန်းစဉ်အရ ဝေဘန် သိမ်းဆည်းလျှင် ပစ္စုပ္ပန် ရုပ်နာမ်ကို ရှုရသော လုပ်ငန်းစဉ် ဖြစ်၍ ထို ၄-ပါး တို့၏ ပေါင်းဆုံမှု အရ ရှေးဦးစွာ ပစ္စုပ္ပန်ကို တွေ့အောင် ရှာဖွေနိုင်စေရမည်၊ အဆင်းနှင့် အကြည် ၂-ပါးတို့သည် ပစ္စုပ္ပန်လော သို့မဟုတ် သညာ ဝိညာဏ် ၂-ပါးသည် ပစ္စုပ္ပန်လောဟု သဘာဝဉာဏ်ဖြင့် ရှေးဦးစွာ ဝေဘန် သိမ်း ဆည်းရမည်။

အဆင်းနှင့် အကြည် ၂-ပါးတို့သည်ကား ပြကတေ့ အားဖြင့် အစဉ် ပေါ်လွက်နေကြသော သဘော တရား များဖြစ်လေရကား ၎င်းတို့ကို ပစ္စုပ္ပန်ဟု မဆိုနိုင်၊ အဘယ့် ကြောင့်ဆိုသော် ပစ္စုပ္ပန်ဟု ခေါ်ဝေါ်ထားသော စကား အဓိပ္ပါယ်ကို ဝေဘန် သုံးသပ် ဆင်ခြင်လျှင် ပတိ ဥပ္ပန္န ဟူသော ပါဠိမဂဓမှ ဆင်းသက် ခေါ်ထားသောကြောင့် ပတိ အရ မျက်မှောက်သဘောကို ကောက်ယူနိုင်လေသည်။

ဥပ္ပန္န အရကား ဖြစ်ပေါ်ခြင်း သဘောတရားကို ယူရ ပေမည်၊ ထိုသဘော ၂-ခုကို ပေါင်းလိုက်သော် မျက်မှောက် ပေါင်းဆုံ ဖြစ်ပေါ်သော သဘောတရားကို ဆိုလိုသည်၊ ရုပ်သန္တတိနှင့် နာမ်သန္တတိ ၂-ပါးအရ မည်သည့် သန္တတိ သဘောကို ပစ္စုပ္ပန် ကောက်ယူနိုင်သနည်း၊ ဤကား စဉ်း စား ဝေဘန်ရန် အချက်ကြီး တခုပေတည်း။

အဆင်းနှင့် အကြည် ၂-ပါးတို့မှာ အစဉ်အားဖြင့် ပေါ်ထွက်နေကြရသော သဘောတရား ဖြစ်ကြရသည့် အပြင် ရုပ်သဘောများ ဖြစ်၍ ဗျာပါရ ကင်းသော အရာဌာနဌ် တည်ရှိနေကြရသောကြောင့် ၎င်းတို့သည် ပစ္စုပ္ပန်ဟု ခေါ်ဝေါ်သော အမည်ကို တိုက်ရိုက် မခံယူနိုင်ကြပေ၊ သညာနှင့် ဝိညာဏ်ခေါ် နာမ်သန္တတိ သဘောတရား ၂-ပါးမှ သာလျှင် ဥပါဒ်,ဌီ,ဘင် သဘောတရား ရှိကြသောကြောင့် ပစ္စုပ္ပန်ဟု ခေါ်ဝေါ်သော အဓိပ္ပါယ်တွင် ပါဝင်နိုင်လေသည်။

ထိုသညာ ဝိညာဏ် နာမ်သဘောတို့ကား အဆင်းအကြည် ၂-ပါးတို့၏ ပေါင်းဆုံမှုကို ရသည်နှင့် တပြိုင်နက် ပေါ်ထွက်လာကြသော သဘောတရားများဖြစ်၍ ပစ္စုပ္ပန် သဘောတွင် အစဉ်အားဖြင့် တည်ရှိနေကြလေသည်၊အဆင်း အကြည်တို့ကား သညာ ဝိညာဏ် ၂-ပါး ပေါ်အောင် ပေါင်းဆုံခြင်းမျှသာ ဖြစ်သည်၊ ဤ ပေါင်းဆုံခြင်းသည် လည်း သညာ ဝိညာဏ်တို့၏ ဗျာပါရကြောင့်သာ ပေါင်းဆုံမှု ဖြစ်ကြရလေသည်။

နာမ် သန္တတိခေါ် သညာ ဝိညာဏ် သဘောကို အမှီပြုရမှသာလျှင် ၎င်းတို့၏ ဗျာပါရခေါ် ပေါင်းဆုံမှု ထွက်ပေါ်လာနိုင်လေရကား ပစ္စုပ္ပန်ဟု ခေါ်ဆိုလိုလျှင် သညာ ဝိညာဏ် သဘောတရား သန္တတိကို ထောက်ပြီးလျှင် ၎င်းတို့

ကို တင်စား၍ ပစ္စုပ္ပန် သဘောဟု ခေါ်နိုင်လေသည်၊ တိုက်ရိုက်ခေါ်ဝေါ်ခြင်းကား အလျဉ်း မရှိနိုင်ပါ။

**မှတ်ချက်။** ဤ ဘော်ပြချက် သဘာဝများကိုအသိဉာဏ် ပိုင်အောင် လေး လေး နက် နက် စဉ်းစား ဆင်ခြင်ပါ၊ သို့မှသာ ရှေ့ကို ဘော်ပြလတ္တံ့ သော သဘောတရားများကို ဝေဘန် သိမ်း ဆည်းနိုင်ပါလိမ့်မည်။

---

## ပစ္စုပ္ပန်သဘောအရ ဘယ်လိုပါလဲ

အဆင်း အကြည်ခေါ် ရုပ်သန္တတိနှင့် သညာ ဝိညာဏ် ခေါ် နာမ် သန္တတိ ၂-ပါးတို့တွင် ပစ္စုပ္ပန်အရ ဝေဘန် သိမ်းဆည်းလျှင် ဥပါဒ်, ဋ္ဌီ, ဘင် ရှိသော နာမ်သန္တတိကို ပစ္စုပ္ပန်ဟု ခေါ်ဆိုနိုင်လေသည်၊ အဆင်း အကြည်တို့ကား နာမ် သန္တတိ ပေါ်ထွက်အောင် ဆက်စပ်ပေးကြသော တရားခံများသာ ဖြစ်ကြ၍ ပစ္စုပ္ပန်သဘောမှ ထောက်လိုက် လျှင် အဆင်း အကြည်တို့သည် အတိတ် အနာဂတ် သဘော သို့ ဦးခေါင်းဆိုက်ရလေသည်။

အဆင်းသဘောကား အာရုံသဘောအရာ၌ တည့်ရှိနေ ရသော သဘော ဖြစ်၍ အတိတ်သဘောဟု ခေါ်ဆိုနိုင်လေ

သည်၊ အကြည်သဘောကား အဆင်း သဘောကို ဆွဲငင်တတ်သော ဗျာပါရ ရှိ၍ရင်း၊ သညာ ဝိညာဏ်တို့သည် ၎င်းအကြည်သဘောမှ ပေါ်ထွက်ကြရသောကြောင့် အနာဂတ် သဘောတရားတွင် ပါဝင်နေသည်ဟု ဆိုလိုသည်။

ဤသို့အားဖြင့် အဆင်း အကြည် အမြင် အသိ ၄-ပါးတို့ကို ကာလ ၃-ပါး ရုပ်နာမ် ဖွဲ့လိုသော် အဆင်းသဘောကို အတိတ်ကာလတွင် တည့်သွင်းနိုင်လေသည်၊ အဘယ်ကြောင့် ဆိုသော် နာမပညတ်၏ ပေါ်ထွက်ရာ ဖြစ်သောကြောင့်ရင်း၊ အာရမ္မဏိက သဘောတရားတို့၏ ဆွဲကိုင်ရာ ဖြစ်သောကြောင့်ရင်း၊အတိတ်ကာလ ရုပ်သဘောတွင် ပါဝင်နိုင်လေသည်။

အကြည်ဓာတ် သဘောသည်ကား အဆင်းဓာတ်နှင့် ပေါင်းဆုံရသော သဘောဖြစ်၍ အတိတ် သဘောကို ထောက်ယူ၍ အကြည်ဓာတ် သဘောကို အနာဂတ် ကာလ သဘောဟု ယူနိုင်လေသည်၊ ၎င်းအတိတ်ကာလနှင့် အနာဂတ် ကာလ ၂-ပါးတို့သည် အချင်းချင်း ထောက်၍ အတိတ် အနာဂတ် ပေါ်ထွက်လာခြင်းဖြစ်ပေသည်၊ သို့ရာတွင် ပစ္စုပ္ပန်သဘောဖြစ်သော သညာ ဝိညာဏ်တို့မှ စွဲယူ၍ အတိတ် အနာဂတ် ဟူ၍လည်း ခေါ်ဆိုနိုင်လေသည်။

ဤသို့လျှင် အဆင်း အကြည် အမြင် အသိတို့၏ ဆက်စပ်မှုသည် ကာလ ၃-ပါးအားဖြင့် သန္တတိ ဆက်စပ်နေပုံ

ကို ရှေဦးစွာ ညာဏ်အမြင် ပိုင်နိုင်ရန် အလွန် အရေးကြီးပေသည်၊ သန္တတိ ရုပ် နာမ်ကို တွေ့အောင် ရှာဖွေရမည်–ဟူသော ဝိပဿနာ တရားပြ ဆရာကြီးများ၏ ဆုံးမချက်အရ ဤအဆင်း အကြည် အမြင် အသိတို့ကို ရုပ် နာမ် သန္တတိ ခွဲခြားပြီးနောက် ဆက်စပ်ပုံ ကာလ ၃–ပါးနေပုံကို ဤဘော်ပြချက်အတိုင်း ရှာဖွေပါ။

ရူပါရုမ္မဏံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော–ဟု ဟောကြားတော်မူသော ပဋ္ဌာန်း ပါဠိတော်အရ အဆင်း သဘောသည် ပစ္စုပ္ပန် သဘော၌ ကောက်ယူနိုင်သည် မဟုတ်ပါလောဟု ဆင်ခြင် တွေးကြံသော် ပစ္စုပ္ပန် သဘောတရားသည် ၃–မျိုး ရှိ၏။

၁။ အဒ္ဓါန ပစ္စုပ္ပန် သဘောတရား။

၂။ သန္တတိ ပစ္စုပ္ပန် သဘောတရား။

၃။ ခဏ ပစ္စုပ္ပန် သဘောတရား။

ဤသို့အားဖြင့် ၃–မျိုးရှိရာ ကာလ ၃–ပါး ရုပ် နာမ်တွင်ကား အဒ္ဓါန ပစ္စုပ္ပန်ကိုသာ ကောက်ယူနိုင်ပါသဖြင့် အဆင်း သဘောတရားကို အတိတ်ကာလတွင် ထားသည်ဟုမှတ်ပါ၊ သန္တတိ ပစ္စုပ္ပန်မှာကား ရူပါရုံခေါ် အဆင်း

သဘောကို ပစ္စုပ္ပန် သဘောတရား၌ သွင်းနိုင်သည်ဟု မှတ်ပါလေ။

သမ္မသနညာဏ်၏ အရမှာ သညာသိ ဝိညာဏ်သိ ၂-ပါး တို့တွင် သညာသိ ရုပ်နာမ် သဘောကိုသာလျှင် ဝေဘန် သိမ်းဆည်းနိုင်သောကြောင့် သညာတပါ သဘောကို ၃-ပါး ခွဲခြား၍ ဝေဘန်လျှင် အတိတ်သညာနှင့် အနာဂတ်သညာ သဘောတရားတို့မှာ အဆင်း အကြည် ၂-ပါးကို အခြေခံ ထား၍ ထွက်ပေါ်လာနိုင်လေရကား ပစ္စုပ္ပန်အရ အဆင်း အကြည် ၂-ပါးတို့၏ ပေါင်းဆုံမှုကိုသာ ခေါ်နိုင်ေ း သည်။

**မှတ်ချက်။** ဤကား သဘာဝနည်းအရ ကာလ ၃-ပါး ဖွဲ့ပုံကို နားလည် သိရှိစေရန် အကျဉ်းအားဖြင့် ဖော်ပြလိုက်ပါ၏၊ အကျယ်မှာ ဝိသာခါ ပဋ္ဌ ပတ် အဖွင့်ကျမ်းတွင် ကြည့်ရှုတော်မူကြပါ ကုန်။

---

## လက်တွေ့ လုပ်ငန်းစဉ် အားထုတ်ပုံ

လက်တွေ့နည်းကို အလိုရှိတော်မူကြကုန်သော အမျိုး ကောင်းသား အမျိုးကောင်းသမီးတို့အတွက် ကာလ ၃-ပါး

ရှုမှတ်ပုံကို ဣရိယာပထ လုပ်ငန်းစဉ်ဖြင့် ဘော်ထုတ်၍ ပြပေဦးအံ့။

ဣရိယာပထ လုပ်ငန်းစဉ်ကို အားထုတ်လိုသော ပုဂ္ဂိုလ်သည် ရှေဦးစွာ မိမိ၏ ခန္ဓာကိုယ်ကို ခြေစုံ ရပ်ပြီးလျှင် ခြေဘဝါး လှမ်းတိုင်လှမ်းတိုင်း လှမ်းတယ်လို့ အစဉ် ရှုမှတ်ပွားများနိုင်စေရမည်၊ ပဌမ အစ လုပ်ငန်းစဉ်မှာ နာရီဝက်ခန့် လှမ်းတိုင်းလှမ်းတိုင်း ရှုမှတ်ရမည်။

ဤသို့ ရှုမှတ် ပွားများပါ များလာခဲ့သော် သညာအမှတ်သည် ခြေဘဝါး နိမိတ် သဏ္ဌာန်တွင် ထင်မြင်လာလိမ့်မည်၊ ဤ သညာ အမှတ် ထင်မြင်မှု စွဲမြဲလာအောင် အားထုတ်ရမည်၊ စွဲမြဲခြင်း ဆိုသည်မှာလည်း ဣရိယာပုတ်အလုပ်ကို အားမထုတ်သော်လည်း မိမိ၏ စိတ်တွင် သဏ္ဌာန်အရိပ် နိမိတ် လက္ခဏာ အစဉ်ပေါ်နေအောင် အားထုတ်ရမည်။

နာရီဝက်နှင့် သညာအမှတ် မပေါ်သေး၍ မစွဲမြဲသေးလျှင် နောက်ထပ် နာရီဝက် တိုးမြှင့်၍ တနာရီကြာ အားထုတ်ရမည်၊ တနာရီမှ တဆင့် တဆင့် တိုး၍ အားထုတ်လာခဲ့ပါလျှင် မည်သည့် ပုဂ္ဂိုလ်မဆို သညာအမှတ် စွဲမြဲလာပါလိမ့်မည် တကယ်တန်း အားထုတ်နိုင်ရန်သာ အရေးကြီးပါ

သည်၊ သညာအမှတ် မစွဲမြဲမှာကို မစိုးရိမ်ပါနှင့် အလုပ်က ဘဲ ထင်ရှားလာပါလိမ့်မည်။

ဤသို့အားဖြင့် မဖြစ်မနေ ကြိုးစား အားထုတ် လာခဲ့ သော် သညာအမှတ် စွဲမြဲခြင်းသို့ ထိုပုဂ္ဂိုလ်အား ရောက်ရှိ လာပြီဆိုလျှင် ထိုရှုမှတ်ရင်းပင် ရုပ်သဘော နာမ်သဘော တို့ကို ရှာဖွေ စုံစမ်းရမည်၊ အဘယ်ကြောင့် ဆိုသော် ရုပ်နာမ် သဘောကို အလိုရှိ၍ အားထုတ်ခြင်း ဖြစ်သောကြောင့် ရုပ် နာမ်ကို တွေ့အောင် ရှာဖွေရန် ဒုတိယ အဆင့်သို့ တက် လှမ်းရဦးမည်။

## ရုပ်သန္တတိ ထွက်ပေါ်လာပုံမှာ

သွားတယ်-သွားတယ် ဆိုတဲ့ သဘောကို ရှေဦးစွာ ဝေ ဘန်သိမ်းဆည်းရမည်၊ သွားတယ် ဆိုရာ၌ ဘယ်ခြေ ညာခြေ လှမ်းခြင်းပင် ဖြစ်ပေသည်၊ ထို ဘယ်ခြေ ညာခြေတို့သည် မည်ကဲ့သို့ ဖြစ်ပေါ်ကြသနည်း၊ တခုကို တခုက စွဲ၍ ဖြစ်ပေါ် နေခြင်းကို လောကတွင် လူအပေါင်းတို့က သညာ ဝိညာဏ် ဖြင့် သွားတယ်လို့ သမုတ်သတ်မှတ် ခေါ်ဝေါ်ကြခြင်းပင် ဖြစ်ပေသည်။

တခုကို တခုက အဘယ်ကဲ့သို့ စွဲကြသနည်း၊ ဤသို့အားဖြင့် စွဲဆိုပုံ သဘာဝကို ထပ်မံ၍ စုံစမ်း ရှာဖွေရမည်၊ သို့မှသာ ရုပ်သဘော နာမ်သဘောကို တွေ့နိုင်မည်၊ သို့မဟုတ် ဤသို့ မစုံစမ်းက ယခုခေတ် အလွယ်လိုက်တဲ့ ပုဂ္ဂိုလ်များ ပြောဆိုသလို မသိလျှင် ရုပ်၊သိလျှင် နာမ်လို့ အပြောမဦးပါနှင့်၊ ဤ အပြောမျိုးသည် ပရိယတ် ပုဂ္ဂိုလ်များနှင့် အလုပ်မလုပ်သော ပုဂ္ဂိုလ်များက ပြောဆိုသော ရုပ် နာမ်မျိုးဟူ၍ မှတ်ပါ။

အလုပ်သဘောက ထွက်လာတဲ့ ရုပ် နာမ် မှာကား ဤလို ရုပ် နာမ်မျိုး မဟုတ်ပါ၊ သွားခြင်း ကြိယာ သညာအရိပ်ထင်မြင်ပြီးသော ပုဂ္ဂိုလ်မှာ ရုပ်သဘော နာမ်သဘောကို ရှာဖွေ စုံစမ်း ရပါမည်၊ ပေါ်ထွက်နေသော သညာအမှတ်ကို ဝေဘန် သိမ်းဆည်းသော် ဘယ်ခြေ ညာခြေ လှမ်းလိုက်သောအခါ ထွက်ပေါ်လာသော သညာသည် နာမပညတ်ရိပ် သဏ္ဌာန ပညတ်ရိပ် ၂-ပါး တို့ပင်ဖြစ်ပေသည်။

ထိုပညတ်ရိပ် ၂-ပါးတို့သည် တဦးနှင့်တဦး စွဲ၍ ထွက်ပေါ်နေကြသော ပညတ်များ ဖြစ်ကြလေသည်၊ သဏ္ဌာန ပညတ်ကို ထောက်၍ နာမပညတ် ထွက်ပေါ်လာခြင်း ဖြစ်သည်၊ ဤနည်းအတူ နာမပညတ်ကို ထောက် ၍ လည်း သဏ္ဌာန ပညတ် ထွက်ပေါ်လာလေရကား၊ ဤ ဘယ်ခြေ

ညာခြေကို ရှုမှတ်သော သညာသည်လည်း အရိပ် နိမိတ် ပေါ်ထွက်၍ အမှတ်စွဲမြဲ ဖြစ်ပေါ်နေခြင်းမှာ ဘယ်ခြေကို ထောက်၍ ညာခြေ အမှတ်သညာ ညာခြေကို ထောက်၍ ဘယ်ခြေ အမှတ်သညာ ထွက်ပေါ်နေသည်ဟု သဘာဝကို မြင်အောင် ခွဲ၍ ရှုပါ။

ဤသို့အားဖြင့် အမှတ် မြဲနေသော သညာသဘောကို နာမပညတ် သဏ္ဌာန ပညတ်အားဖြင့် သော်၎င်း၊ အရိပ် နိမိတ် အားဖြင့်သော်၎င်း၊ ခွဲခြား ဝေဘန် သိမ်းဆည်း သော်၊ တဦးကို တဦးက ထောက်၍ ပေါ်ထွက်နေသော သညာ သဘောတရား နေပုံကို ဉာဏ်အမြင် ထင်ရှားလာ ပါလိမ့်မည်။

ထိုအခါ အထောက်ခံရသော သဘော တရားကား ရုပ်သဘော၊ ထောက်တတ်သော သဘောတရားကား နာမ် သဘောဟု ဝေဘန်နိုင်ပါလိမ့်မည်၊ ရုပ် နှင့် နာမ်သဘောကို ဝေဘန် သိမ်းဆည်းလာနိုင်လျှင် ရုပ်သဘောသည် သခ်ၤတ လောကတွင် ဇရာတည် သဘောတရားဖြစ်၍ အတိတ်ကာလ မှာ သင်္ဂြိုဟ်နိုင်ပါလိမ့်မည်၊ နာမ်သဘောသည်ကား ရုပ် တရားကို ထောက်၍ ပေါ်ထွက်လာရသော သဘောဖြစ်၍ အနာဂတ် ကာလတွင် သင်္ဂြိုဟ်ရေတွက်နိုင်ပါသည်။

အတိတ်ကာလ နှင့် အနာဂတ် ကာလတို့သည် အချင်း ချင်းအားဖြင့် တဦးကိုတဦးက စွဲ၍ ဖြစ်ပေါ် နေကြသော

ကာလများ ဖြစ်ချေသည်၊ အတိတ်ကာလ ဆိုသည်မှာ ဖြစ်ပြီးဟု ဆိုသဖြင့် မဖြစ်သေး ဟူသော အနာဂတ်ကာလ စကားသည် ပေါ်ထွက်ခြင်း ဖြစ်ပေသည်၊ မဖြစ်သေးကို ထောက်၍လည်း ဖြစ်ပြီးဟူသော စကားသည် ပေါ်ထွက်ပြန်လေသည်၊ ၎င်း ၂-ပါးတို့သည် အချင်းချင်း အားဖြင့် မစွဲယူဘဲ ဖြစ်နိုင်ခြင်း သဘောတရား အလျဉ်းမရှိနိုင်ပါ။

မိမိ၏ ကိုယ်ပိုင် အသိဖြင့် အကြိမ်ကြိမ် ဝေဘန် သုံးသပ်ဆင်ခြင် ကြည့်ပါလျှင် အတတ် သိနိုင်ပါလိမ့်မည်၊ ရုပ်နှင့်နာမ် ၂-ပါးတို့သည်လည်း ဤနည်း အတူပါဘဲ၊ တဦးနှင့် တဦး ထောက်၍ ထွက်ပေါ် လာကြသော သဘာဝများ ဖြစ်ပါသည်၊ တဦးချင်း အနေနှင့် ပေါ်ထွက် နိုင်ခြင်း အလျဉ်းမရှိနိုင်ပါ၊ သညာသိ သဘောကို ဝေဘန်လျှင် နာမပညတ် နှင့် သဏ္ဌာန ပညတ် ၂-ပါးကို မူထား၍ ဝေဘန်ရပါမည်။

ထို့ကြောင့် အတိတ်ကာလကို ရုပ်သဘောမှာ ထား၍ အနာဂတ် ကာလကို နာမ်သဘောမှာ ထားကာ ဝေဘန်လိုက်ခြင်း ဖြစ်ပါသည်၊ ရုပ်သဘော၏ ဖြစ်ပေါ်သော ပဋမ အခြေခံကို ရှာဖွေပြန်သော် အတိတ်ကာလပင် ထွက်ပေါ်လာလေသည်၊ သင်္ခတ လောကကြီးတွင် သညာသိ ဝိညာဏ်သိအားဖြင့် အသိ ၂-မျိုးထား၍ အန္တပုထုဇဉ်နယ်မှာ ဝေဘန်ကြည့်ပါ၊ သညာသိ သဘောကို ရှေဦးစွာ ထုတ်ဘော်လိုက်

လျှင် အတိတ်သဘောကပင် အစဖြစ်၍ အတိတ်သဘောကို အဝိဇ္ဇာရိပ် ပြဌာန်းသည်ဟု ပိဋကတွင် မိန့်ဆိုထားပါသည်။

ဤသို့အားဖြင့် ရုပ်နှင့်နာမ်ကို အတိတ်ကာလ အနာဂတ်ကာလ ၂-ပါးမှာ သဘာဝ ဦးခေါင်း ဆိုက်နေသည်ကို မြင်အောင် ရှုပါ။ (သွားတယ်--သွားတယ်)ဟု ရှုမှတ်သော ဣရိယာပထ လုပ်ငန်းစဉ်အရ ရုပ်-နာမ် ကူးလိုက်လျှင် အတိတ်ကာလ အနာဂတ်ကာလ ရုပ် နာမ်မျိုးမှာသာ ကူးလို့ ရနိုင်ပါပေသည်၊ ပစ္စုပ္ပန်ကာလ ရုပ် နာမ် သို့ ရောက်အောင် မကူးနိုင်သေးပါ၊ ကူးနိုင်အောင် လုပ်ငန်းစဉ်ကို တဆင့် တက်ရပေဦးမည်။

---

## ပစ္စုပ္ပန်ကာလ ရုပ် နာမ် စုံစမ်းပုံ

(သွားတယ်-သွားတယ်)ဟု ရှုမှတ် ပွား များ သော အာရဒ္ဓ ပုဂ္ဂိုလ်သည် ရှေ့ဦးစွာ အမှတ်မဲ့လာသော သညာကို ရုပ် နာမ် ပေါ်ထွက်အောင် သိမ်းဆည်း ဝေဘန်ပြီးနောက် ဒုတိယ ပစ္စုပ္ပန် ကာလခေါ် ရုပ် နာမ်ကို တွေ့အောင် ရှာဖွေရဦးမည်၊ သို့မှသာ သမ္မသန ဉာဏ်စခန်း လုပ်ငန်းစဉ်တွင် ရပ်တည်နိုင်သော ယောဂါဝစရ ပုဂ္ဂိုလ်တဦး ဖြစ်နိုင်လေသည်။

ထင်မြင်ပြီးသော ခြေလှမ်းကို တဖန် ထပ်မံ၍ လုပ်ငန်းစဉ် ဝင်ရဦးမည်၊ သွားတယ်ဟု ဆိုသော ခြေလှမ်း တလှမ်းမှာတွင် အရိပ် နိမိတ် ၃-ချက် ရအောင် လုပ်ငန်းစဉ်ကို အားထုတ်ရမည်၊ သို့မှသာ ပစ္စုပ္ပန် ကာလခေါ် ရုပ်နာမ် မျိုးကို တွေ့နိုင်ပါသည်၊ ပစ္စုပ္ပန် ကာလ ရုပ်နာမ်ကို တွေ့လျှင် သမ္မာသနုညာဏ်သို့ တက်ရောက်နိုင်ပြီဟု ဆုံးဖြတ်နိုင်ပါလိမ့်မည်။

---

## အရိပ်နိမိတ် ၃-ချက်ဘယ်သို့ပါလဲ

ခြေလှမ်း တလှမ်းမှာတွင် အရိပ် နိမိတ် ၃-ချက် ထွက်အောင် ရှုမှတ်ရပါသည်၊ လှမ်းတယ်ဆိုသော သဘောတရား၌ ဝေဘန် သုံးသပ်လိုက်လျှင် ရှေးဦးစွာ နှုတ်တယ်ဟု ဆိုအပ်သော အရိပ် နိမိတ်တခု၊ ဒုတိယ ရှေ့သို့ဆောင်တယ်ဟု ဆိုအပ်သော အရိပ် နိမိတ် တခု၊ တတိယ ချတယ်ဟု ဆိုအပ်သော အရိပ် နိမိတ်တခုအားဖြင့် ၃-ချက် ထွက်ပေါ်ပြီးမှ သွားတယ်လို့ ပြောဆိုနိုင်ပါတယ်။

မိမိ၏ ခန္ဓာကိုယ်ကို ခြေစုံရပ်၍ နေလိုက်ပါ၊ ခြေထောက်လှမ်းတော့မည်ဟု ကြံဆောင်သော ပုဂ္ဂိုလ်သည် ရှေးဦးစွာ မိမိ၏ ခြေထောက်ကို အပေါ်သို့ ချီကြွရပါသည်၊ မချီကြွ

ဘဲနှင့် သွားလို့ မရနိုင်ပါ၊ ကိုယ်ပိုင် ဉာဏ်နှင့်ဘဲ စဉ်းစား ကြည့်ပါ၊ လှမ်းတော့မည်ဟု ကြံစည်လိုက်သည်နှင့် တပြိုင် နက် ခြေဖဝါးကို အထက်သို့ ကြွချီရခြင်းသည် နှုတ်ခြင်းဟု ဆိုလိုသည်၊ ဤနှုတ်ခြင်းသည်ကား လှမ်းတယ်လို့ ခေါ်ဝေါ် ထားသော ကြိယာတခု၌ အမူအရာ တခုပင် ဖြစ်ပါသည်၊ ဤအမူအရာကို အရိပ်နိမိတ် တခုဟု မှတ်ပါ။

ထိုနောက် တဖန်သွားလိုသော ပုဂ္ဂိုလ်သည် ခြေဖဝါး ကို အထက်သို့ နှုတ်ကြွပြီးနောက် ဒုတိယတဖန် ခြေဖဝါး ကို ရှေ့သို့ လှမ်းဆောင်ရပြန်လေသည်၊ ဤ လှမ်းဆောင် လိုက် ခြင်း သည် လည်း ဒု တိ ယ အရိပ်–နိမိတ် ထွက် ပေါ်လာခြင်း ဖြစ်ပေသည်၊ ဤ အရိပ် နိမိတ်တို့သည် လှမ်း လိုသော ပုဂ္ဂိုလ်တို့အား ရှောင်လွှဲ၍ မရစကောင်းသော အရိပ် နိမိတ် များဖြစ်၍ သွားတယ်လို့ ခေါ် ဝေါ် သော အမူအရာ ကြိယာ၌ တခုအနေဖြင့် ပါဝင်နေသည်ဟု ယူရ ပေမည်။

တတိယ တဖန် ရှေ့သို့ လှမ်းဆောင်ပြီးသော ခြေလှမ်း ကို မြေသို့ ချရပြန်လေသည်၊ မြေသို့ ချလိုက်ခြင်းသည်လည်း အရိပ် နိမိတ်တခု ထွက်ပေါ်သည်ဟု ဆိုနိုင် ပြန်လေသည်၊ ဤသို့အားဖြင့် သွားတယ်လို့ ခေါ်ဝေါ်သော ခြေလှမ်းတ လှမ်းတွင် အရိပ် နိမိတ် ၃–ချက် ထွက်ပေါ်ပြီးမှ လှမ်းခြင်း

ကြိယာ လှုပ်ရှားခြင်း အမူအရာ အလုံးစုံ ပြည့်စုံသည် ဟု မှတ်ပါ။

ဤသို့အားဖြင့် ခြေလှမ်း တလှမ်းတွင် နှုတ်ခြင်း ဆောင်ခြင်း ချခြင်းဟူသော အမူအရာ ၃-ချက် ထွက်ပေါ်သောကြောင့် ထိုအမူအရာ အရိပ် နိမိတ် ၃-ချက်ကို ဣရိယာပထ အလုပ်ကို အားထုတ်သော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် (လှမ်းလိုက်တိုင်း- လှမ်းလိုက်တိုင်း) အရိပ် နိမိတ် ၃-ချက် ထင်လာအောင် သတိဆောင်၍ အထူးအားထုတ်ရမည်၊

---

## ကာလ ၃-ပါး ရုပ်နာမ်ခွဲပါ

ခြေလှမ်း တလှမ်းမှာပင် အရိပ် နိမိတ် ၃-ချက် ထင်အောင် သတိဆောင်လျက် မဖြစ်မနေ ကြိုးစားအားထုတ်ဘန် များသော် အကြင်အခါ ယောဂါဝစရ ပုဂ္ဂိုလ်တို့၏ စိတ် ဝိညာဏ် အရိပ်၌ နှုတ်, ဆောင်, ချ ဟူသော အရိပ် နိမိတ် ၃-ချက်တို့သည် အစဉ်ပေါ်ထွက်၍ ကွန့်မြူးနေလေပြီ၊ ထိုအခါတွင် ယောဂါဝစရ ပုဂ္ဂိုလ်သည် နှုတ်, ဆောင်, ချ သဘောတရားမှာ အလွန် ထင်ရှားနေပါသည်။

## ထင်ရှားအောင် ဖော်ပြပါဦးမည်

အတိတ်ကာလကို အစပြု၍ ကာလ ၃-ပါး သန္တတိဆက်စပ်ပုံကို အချို့ ပါရမီရှင်များက အသိဉာဏ် မရှင်းမလင်းဘဲ ဖြစ်နေတတ် ကြပါသည်၊ အသိဉာဏ် ရှင်းလင်းသွားကြစေရန် ကာလ ၃-ပါးနှင့် သင့်လျော်သော ခွဲထားချက်မှုကို ထုတ်ဖော်ပြပါဦးမည်၊ ဝိပဿနာ လုပ်ငန်းစဉ်တွင် ဖြစ်ပြီးသော သဘောတရားကို အတိတ်ဟု ခေါ်သည်၊ ဖြစ်ဆဲကို ပစ္စုပ္ပန်ဟု ခေါ်သည်၊ မဖြစ်သေးသော သဘော (ဝါ) ဖြစ်လတ့်သော သဘောတရားကို အနာဂတ်ဟု ခေါ်သည်၊ ဤ ၃-ပါးတို့သည် တဦးနှင့်တဦး ဆက်စပ်၍ ခေါ်ဆိုထားကြသော သဘောတရားများ ဖြစ်ပုံကို ဉာဏ်သက်ဝင်နိုင်အောင် အထူး ဝေဘန် သုံးသပ် ဆင်ခြင်ရမည်။

ကာလ ၃-ပါး သဘောတရား သန္တတိ ရုပ် နာမ် နေပုံကို ဥပမာ ထင်ရှားစွာ ပြဦးမည်၊ ဘုရားသို့ သွားသော ယောကျ်ားသည်, ကျောင်းသို့ သွားသော ယောကျ်ားသည် မိမိနေအိမ်မှ ထွက်ခွါ၍ ခြေ တလှမ်းဖြင့် ဘု ရား သို့ ကျောင်းသို့ ရောက်အောင် သွားလေရာ ဘုရားပရဝုဏ်သို့ ရောက်သော ကာလ ရှေဦးစွာ ဘိနပ်ချွတ်ရလေသည်။

ထိုယောကျ်ားသည်၊ ဘုရား ပရဝုဏ်၌ မိမိ စီးနင်းလာသော ဘိနပ်ကို ချွတ်စဉ် ကြံအောက်မေ့သည်မှာ ငါသည်

အမှတ်တမဲ့နဲ့ ဘုရားသို့ လာခဲ့ရာ ယခုအခါ ဉာဏ်ဘိနပ်ချွတ်သော ခြေလှမ်းဖြင့် ဘုရားသို့ ဆိုက်ရောက်ပါပြီ၊ နောက်က လှမ်းလာခဲ့သော ခြေလှမ်းများသည် ဉာဏ်ချွတ်ဆဲ ခြေလှမ်းမှ ပြန်ထောက်သော် အတိတ်သဘောတွေ အကုန်ဖြစ်ကုန်ပါပြီ။

ရှေ့သို့လည်း ဘုရား ယင်ပြင်ပေါ် ရောက်အောင် ဘိနပ်ချွတ် ခြေလှမ်းဖြင့် လှမ်းရဦးလတံ့ဟု ဝေဘန် ပိုင်းခြားကြည့်သကဲ့သို့ ပစ္စုပ္ပန်သဘောမှ နေ၍ ထောက်လိုက်လျှင် အတိတ်သဘော ပေါ်ထွက်လာရုံမျှ မဟုတ်တော့ဘဲ အစမူတည်သော သဘောတရားပင် ဖြစ်နေပေသည်၊ အနာဂတ်သဘောတရားသည်ကား ပစ္စုပ္ပန် သဘောတရားမှ ထောက်၍ ဖြစ်လတံ့ဟူသော အရိပ် နိမိတ် ၃-ချက် ကို ရုပ်နာမ်ထင်အောင် ရှုစေရမည်။

နှုတ်ဆောင်ချ ဟူသော အရိပ် နိမိတ် ၃-ချက်ကို ရှေးဦးစွာ ကာလ ၃-ပါး ခွဲခြား ဝေဘန်ရဦးမည်၊ကာလ ၃-ပါး ခွဲခြား ဝေဘန်နိုင်လျှင် သန္တတိ ရုပ် နာမ်များ ပေါ်ထွက်လာနိုင်ပါလိမ့်မည်၊ သန္တတိ ရုပ်နာမ် ပေါ်ထွက်လာသော် အနိစ္စ လက္ခဏာ, ဒုက္ခ လက္ခဏာ, အနတ္တ လက္ခဏာ, ယာဉ် ၃-ပါးသို့ တင်၍ သုံးသပ်နိုင်ပြီဖြစ်၍ သမ္မာသနုဉာဏ် လုပ်ငန်းစဉ်သို့ တက်ရောက်ပြီဟု ဆိုနိုင်ပါလိမ့်မည်။

ထို့ကြောင့် နှုတ်ဆောင်ချ ဟူသော အရိပ်နိမိတ် ၃–ချက်ကို ကာလ ၃–ပါး အနေဖြင့် ခွဲဝေလိုက်သော် နှုတ်ဟူသော အရိပ်နိမိတ်သည် ရှေ့ဦးစွာ ပေါ်ထွက်လာသော အမူအရာ အရိပ်နိမိတ်ဖြစ်၍ အတိတ် ကာလတွင် သင်္ဂြိုဟ် ရေတွက်နိုင်ပါသည်၊ ဆောင်ဟူသော အရိပ် နိမိတ်သည်ကား ဒုတိယ ထွက်ပေါ်လာခြင်းဖြစ်၍ ပစ္စုပ္ပန် ကာလတွင် သင်္ဂြိုဟ် ရေတွက်နိုင်ပါသည်၊ ချဟူသော သဘော တရား သည်ကား နောက်ဆုံးမှ ဖြစ်ပေါ်သော သဘောဖြစ်၍ အနာဂတ် ကာလတွင် သင်္ဂြိုဟ် ရေတွက်နိုင်ပါသည်။

ဤသို့အားဖြင့် ကာလ ၃–ပါး ရုပ်နာမ်တို့သည် ခြေဘဝါး တလှမ်းမှာဘဲ အရိပ် နိမိတ် ၃–ချက်ခေါ် ကာလ ၃–ပါး သဘောတရားတွေ အစဉ်မပြတ် ထွက်ပေါ်နေပုံကို ထိုယောဂါဝစရ ပုဂ္ဂိုလ်သည် အာရုံ အရိပ် နိမိတ် ထင်အောင် အထပ်ထပ် ပွားများ ဆင်ခြင် သုံးသပ်စေရမည်၊ သုံးသပ် ပွားများဘန်များသော် ထိုယောဂါဝစရ ပုဂ္ဂိုလ်၏ စိတ် ဝိညာဏ် အရိပ်တွင် ကသိုဏ်းကွက်များ မြင်သလို ကာလ ၃–ပါး သန္တတိ ဆက်စပ်ခြင်းတို့သည် မပျောက်ကွယ်ဘဲ အစဉ် ပေါ်ထွက်နေအောင် အထူး ကြိုးစားရမည်။

ဤသို့အားဖြင့် အတိတ် သဘောတရားသည် ပစ္စုပ္ပန်မှ နေ၍ ထောက်ဆ သိရ ဖြစ်သောကြောင့် အစသဘောအရာ၌လည်း တည်၏၊ရုပ်သဘော အရာ၌လည်း တည်ရှိနေ၏၊

အနာဂတ် သဘောတရားသည် အတိတ်ကို စွဲ၍ဖြင့်၊ ပစ္စုပ္ပန်ကို စွဲ၍ဖြင့် နာမ် သဘောကွင် ဦးခေါင်း ကျရောက်နေပါသည်။

ပစ္စုပ္ပန် သဘောသည်ကား ၂-ပါးသော သဘောတရားတို့၏ ပေါ်ထွက်လာသော သဘောဖြစ်၍ ရုပ် နာမ် ၂-ပါးအရာ၌ တည်ရှိလျက် နေပါသည်၊ သို့ရာတွင် ကာလ ၃-ပါး ဆက်စပ်လိုက်သော အခါ၌ကား အတိတ်ကာလ ရုပ် နာမ် အနာဂတ်ကာလ ရုပ် နာမ် ပစ္စုပ္ပန်ကာလ ရုပ် နာမ် ဟူ၍ ဆိုနိုင်ပါသည်။

ဤဝေဘန်ချက်ကို သဘော ပေါက်အောင် စဉ်းစားပါ-

---

## သမ္မာသနုဉာဏ် ဆင်ခြင်ပုံမှာ

"ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တံ အသာရကဋ္ဌေန" ဤသို့ စသည်ဖြင့် ဟောကြားတော်မူအပ်သော ဒေသနာတော်အရ ရူပံဟူ၍ ဟောတော်မူရာဝယ် ရုပ်တဘောအရ ကာလ ၃-ပါး ဆက်စပ်နေခြင်း ရှိသော ရုပ်သဘောမျိုးကို မှတ်ယူရပါမည်။

ရူပံအရကို သမူဟဃန ကိစ္စဃန ၂-ပါး ထွက်ပေါ်နေတဲ့ ရုပ်စု ရုပ်တုံး ရုပ်ခဲကြီးများနှင့် ပူတယ်၊ အေးတယ်၊

မာတယ်၊ ဖွံ့စီးတယ်လို့ ကိစ္စဃန ပေါ်ထွက်နေသော ရုပ်သဘောများကို အယူမမှားကြပါနဲ့၊ ဤ ရုပ်သဘောများကား အလွန် ကြီးကျယ်သော ဃန အစိုင်အခဲကြီးများဖြစ်၍ လက္ခဏာယာဉ် ၃-ပါးသို့ တင်သွင်း၍ အနိစ္စ လက္ခဏာ, ဒုက္ခ လက္ခဏာ, အနတ္တ လက္ခဏာတို့ဖြင့် ဆင်ခြင်သုံးသပ်ရန် မလျော်ကန်၊ မရနိုင်ကြောင်းကို ရှေးဦးစွာ ဉာဏ်အမြင် ပိုင်အောင် အားထုတ်ပါ။

ယခု ဘော်ပြခဲ့သော ကာလ ၃-ပါး ဆက်စပ်ခြင်း သဘောတရား ရုပ် နာမ်မျိုးကို ကောက်ယူမှုသာလျှင် သမ္မာသန ခုံရုံးတော်ကြီးက လက်ခံနိုင်မည်ကို ဝိပဿနာ ရှုမှတ်လိုသော ပုဂ္ဂိုလ်တိုင်း အပိုင်သိထားရန် အရေးကြီးအပ်ပေသည်၊အရေးကြီးအပ်ပါသဖြင့် ကာလ ၃-ပါး ရုပ် နာမ်နေပုံကို ဉာဏ်အမြင် ပိုင်အောင် အမျိုးမျိုး ထုတ်ဖော်၍ ပြနေရခြင်း ဖြစ်ပါသည်၊ (အထူး သတိပြုဘွယ်)။

“ **အနိစ္စံ ခယဋ္ဌေန** ” ဆိုသည်မှာ ကုန်တတ်သော အနက် သဘောကြောင့် အနိစ္စဟု ဆိုလိုသည်၊ လက္ခဏာ ဆိုသည်မှာ ထိုကုန်ခြင်း သဘောတရားကို မှတ်ခြင်းပင် ဖြစ်ပေ၏၊ ကုန်တတ်သော သဘောအရ ကုန်ခြင်းသဘော တရား ဖြစ်သော တရားခံကို ရှေးဦးစွာ စုံစမ်းရှာဖွေရမည်။

---

## ကုန်ခြင်း သဘောတရားကို ရှာဖွေပုံ

ကုန်ခြင်းသဘောတရားကို ရှာဖွေလိုသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ကာလ ၃-ပါးတို့၏ သန္တတိ ဆက်စပ်နေပုံကို ပြန်လည်၍ သုံးသပ်ဆင်ခြင်ပါ၊ အတိတ်ကာလ နှင့် ပစ္စုပ္ပန် ကာလ ၂-ပါး တို့၏ ဆက်စပ်ခြင်းသည် သန္တတိ တချက် ထွက်ပေါ်လာသည်၊ ဤနည်း အတူ ပစ္စုပ္ပန် ကာလနှင့် အနာဂတ် ကာလ ၂-ပါးတို့၏ ဆက်စပ်ခြင်းသည် သန္တတိ တချက် ထွက်ပေါ်လာသည်၊ ဤသို့အားဖြင့် သန္တတိ ဆက် စပ်နေပုံကို အကြမ်းအားဖြင့် ဝေဘန်သိမ်းဆည်းလိုက်ပါ။

ဤသို့ ဝေဘန်ပြီးနောက် ကုန်သော သဘောအရ ဘယ်သဘာဝကို ယူမည်နည်း၊ အကြိမ်ကြိမ် စဉ်းစား ဆင်ခြင်ပါ၊ ကုန်ခြင်းသဘောအရ အတိတ်ကာလကို ယူရ ပေလိမ့်မည်၊ အဘယ်ကြောင့်ပါလဲ၊ အတိတ် ကာလသည် ပစ္စုပ္ပန် ကာလသို့ မပါဘဲ သူ့သဘာဝသည် သဘာဝ အတိုင်း ကုန်ခြင်းမှာ ဦးခေါင်း ဆိုက်ရောက် နေလေပြီ။

(**ဥပမာ**) ကျောင်း, ကန်, ဘုရားသို့ သွားသော ယောကျ်ားသည် မိမိအိမ်မှ ထွက်လာကတည်းက လှမ်းလာ သော ခြေလှမ်းတို့သည် ဘုရားပရဝုဏ် ဘိနပ်ချွတ်သို့ ထို ယောကျ်ား ရောက်သည်နှင့် တပြိုင်နက် ဘိနပ်ချွတ်၍ ခြေ ဘဝါးကို ခြေစုံရပ်လျက် ရောက်ပြီဟူသော ပစ္စုပ္ပန်ကာလ

ပေါ်ထွက်သော အခါတွင် အိမ်က လှမ်းကြွလာသော ခြေလှမ်းတို့သည် တည်ရှိ နေနိုင် ပါသေးသလား။

အိမ်က လှမ်းလာသော ခြေလှမ်း အလုံး စုံ တို့ သည် ပစ္စုပ္ပန်ကာလ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် အဘယ်မှာ ရှိတော့မှာလဲ၊ သညာ အမှတ်သာ ရှိနေပါတော့မည်၊ ဤခြေလှမ်းတို့သည်ကား သူ့သဘာဝအားဖြင့် ကုန်ခြင်းသဘောသို့ ဆိုက်ရောက်သွားလေသည်၊ ထိုခြေလှမ်းကို မှတ်သော သညာတို့သည်လည်း ကုန်ခြင်းသဘောသို့ ကျရောက်သွားလေရကား အတိတ်သဘော ကာလအတွင်း၌ ဖြစ်သော သညာသိ ရုပ် နာမ် တို့သည် အနိစ္စ လက္ခဏာယာဉ်သို့ ဦးခေါင်း ကျရောက်လေသည်။

**မှတ်ချက်။** ဤ၌ အနိစ္စလက္ခဏာဖြင့် လုပ်ကြံ၍ ပယ်သတ်နေရခြင်းမျိုး မဟုတ်ပေ၊ သဘာဝ အားဖြင့် ပေါ်ထွက်လာသော အတိတ် ကာလကြီးကို သဘာဝအတိုင်း မြင်အောင် ရှုကြည့်ခြင်းကို အနိစ္စလက္ခဏာဟု ဆိုသည်ဟု မှတ်။

---

## မိမိအလုပ်ကို စဉ်းစားဆင်ခြင်ပါ

ယခုအခါ ငါတို့ရဲ့ ဗုဒ္ဓဝါဒီ ပုဂ္ဂိုလ်တို့က အနိစ္စလက္ခဏာသည် သူ့သဘာဝအတိုင်း အတိတ်ကာလ ရုပ်နာမ်က

အော်ပာစ် ကြွေးကြော်လာသည်ကို မြင်အောင် မရှုကြဘဲ၊ မိမိတို့၏ စိတ်ဝိညာဏ်ဖြင့် လုပ်ကြံ၍ "အနိစ္စ–အနိစ္စ" ဟု ရှုမှတ်နေခြင်းများသည် သဘာဝ လုပ်ငန်းစဉ်သည် မဇ္ဈိမ ပဋိပဒါ လမ်းသို့ မဆိုက်ရောက်သဖြင့် အဘယ်မှာလျှင် အနိစ္စ လက္ခဏာယာဉ်သို့ ဝင်နိုင်ပါမည်နည်း၊ အကြိမ်ကြိမ် စဉ်းစားဆင်ခြင်ပါလေ။

အတိတ်ကာလခေါ် ခြေလှမ်း ရုပ် နာမ် တို့သည် ပစ္စုပ္ပန် ကာလနှင့် ဆက်စပ်လိုက်သည့်အခါ ၎င်းနာမ် ရုပ် တို့သည် ကုန်ခြင်း သဘောတရားဖြင့်သာလျှင် ဆက်စပ် နိုင်ကြပေ သည်၊ ကုန်ခြင်းဟု ခေါ်ဆိုလိုက်သော သဘောတရားကို တဖန် ထပ်၍ အဓိပ္ပါယ် ဖွင့်လိုလျှင် ပျက်ခြင်းသဘောဟူ ၍၎င်း၊ ကင်းခြင်း သဘော ဟူ၍၎င်း၊ ချုပ်ခြင်း **သဘော** ဟူ၍၎င်း အမျိုးမျိုး ခေါ်နိုင်လေသည်။

---

## မခေါ်ဝေါ်နိုင်သော သဘောမှာကား

ထိုကုန်ခြင်းသဘောကို ရှင်တော် မြတ်ဘုရားက အနိစ္စ ဉာဏ်ဖြင့် သင်္ဂြိုဟ် ထားပါ သောကြောင့် ၎င်းအနိစ္စ လက္ခဏာကို ကုန်ခြင်း၊ ပျက်ခြင်း၊ ကင်းခြင်း၊ ချုပ်ခြင်း၊ ဤ သဘော ၄–မျိုးတို့၌သာ သွင်းလို့ရနိုင်ပါသည်၊ အချို့

ပုဂ္ဂိုလ်တို့က အနိစ္စဉာဏ်ခေါ် မမြဲတဲ့သဘောကို အနက်ဖွင့်တဲ့အခါ မရှိတဲ့သဘောသို့ ရောက်အောင် အဓိပ္ပါယ် အယူသည်းသွားကြပါသည်၊ မရှိသဘောဆိုလျှင် ဥစ္ဆေဒဒိဋ္ဌိသို့ ကျရောက်တတ်ပါတယ်၊ အထူးသတိပြုရန် လိုအပ်ပါသည်။

---

## ဒုက္ခလက္ခဏာ ယာဉ် ဘယ်သဘောပါလဲ

အတိတ်ကာလ အတိတ် ရုပ် နာမ် ကိုအနိစ္စဉာဏ်ဖြင့် အပိုင် သိမ်းဆည်းနိုင်ပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ဒုတိယတဖန် ဒုက္ခလက္ခဏာကို ဆင်ခြင်သုံးသပ် ရပေမည်။

**"ဒုက္ခံ ဘယဋ္ဌေန"** ဟူ၍ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသောကြောင့် ဒုက္ခလက္ခဏာ ဆိုသည်မှာ ဘေးကြီးအတိဟု မြင်ခြင်းကို ဆိုလိုသည်၊ ဤ၌ ကာလ ၃-ပါး ရုပ် နာမ် တို့တွင် အတိတ်ကာလကို အနိစ္စ လက္ခဏာနှင့် ရှုမှတ်နိုင်သော ယောဂါဝစရ ပုဂ္ဂိုလ်သည် အနာဂတ်ကာလ ရုပ် နာမ်ကို ဘေးကြီးအတိဟု ထင်မြင် နိုင်ပါတော့သည်။

အဘယ်ကြောင့် ဆိုသော် အတိတ်ကာလ နှင့် အနာဂတ်ကာလ ၂-ပါး တို့သည် ပစ္စုပ္ပန်ကာလ မပေါ်မှီက အတူတူ ယှဉ်တွဲ၍ ပေါ်ထွက်နေကြသော သဘောတရားများ ဖြစ်

ကြပါသည်၊ အတူတူ ယှဉ်တွဲနေခြင်းမှာလဲ တဦးကိုတဦးက ထောက်၍ အမည်ကို ဖေါ်ထုတ်နိုင်ခြင်းကို ယှဉ်တွဲနေသည် ဟု ဆိုလိုပါတယ်။

---

## အဘယ်သို့ဖေါ်ထုတ်ကြပါသလဲ

အတိတ်ကာလကိုစွဲ၍ အနာဂတ် ကာလဟု ခေါ်ဆိုနိုင်ခြင်းပါသဲ၊ ဖြစ်ပြီးကိုစွဲ၍ ဖြစ်လတ့ံ၊ ဝါ၊ မဖြစ် သေးဟု ခေါ်ဝေါ်ခြင်းသည်ရင်း၊ မဖြစ်သေးကို စွဲ၍ ဖြစ်ပြီးလို့ ခေါ်ဝေါ်ခြင်းသည်ရင်း၊ တဦးနှင့်တဦး စွဲ၍ ခေါ်ဝေါ်ခြင်းဟု ဆိုလိုပါသည်၊ တဦးကို အနိစ္စ လက္ခဏာယာဉ်နှင့် အသိမ်းဆည်း ခံရပါလျှင် တဦးမှာကား ဒုက္ခ လက္ခဏာယာဉ်သို့ သဘာဝအတိုင်း ဆိုက်ရောက် ရပါလိမ့်မည်၊ ဒါကြောင့် ဒီယာဉ် ၂-ပါးကို ပိဋကတ်က ဘုရား မပွင့်သော်လဲ ပေါ်ထွက်နေသော ယာဉ် ၂-ပါးဟု ထုတ်ဘော် ပြထားလေသည်။

ထို့ကြောင့် အတိတ်ကာလ ရုပ် နာမ်ကို အနိစ္စလက္ခဏာယာဉ်နှင့် သိမ်းဆည်းလိုက်လျှင် အနာဂတ် ကာလ ရုပ်နာမ်သည်ကား ဒုက္ခလက္ခဏာယာဉ်သို့ အလိုလို ဦးခေါင်း ကျ

ရောက်သွားပါသောကြောင့် ရှင်တော်မြတ်ဘုရားက "ဒုက္ခံ ဘယဋ္ဌေန" ဟု ဟောကြားတော် မူပေသည်။

**မှတ်ချက်။** ဤကား အကျဉ်းအားဖြင့် ဒုက္ခလက္ခဏာယာဉ် သိမ်းဆည်းပုံကို ပြလိုက်ရခြင်း ဖြစ်ပါသည်။ အကျယ် ဝေဘန်ချက်မှာ ဓမ္မစကြာ သာသနာပြု အဖွဲ့ချုပ်မှ တင်ဆက်ထားသော ဝိသာခါ ပဋိပတ်အဖွင့်ကျမ်းတွင် ကြည့်ရှုတော်မူပါ။

---

## အနတ္တ လက္ခဏာယာဉ် တင်ပုံ

ဤသို့အားဖြင့် အတိတ်ကာလ ရုပ် နာမ်ကို အနိစ္စလက္ခဏာယာဉ်ဖြင့် ဆင်ခြင်သုံးသပ်နိုင်၍ အနာဂတ် ကာလ ရုပ် နာမ်ကို ဒုက္ခ လက္ခဏာ ယာဉ်ဖြင့် ဆင်ခြင် နိုင်သော ယောဂါဝစရ ပုဂ္ဂိုလ်သည် ပစ္စုပ္ပန် ကာလ ရုပ် နာမ်ကို အနတ္တ လက္ခဏာယာဉ်ဖြင့် ဆင်ခြင်သုံးသပ်ရန် လွယ်ကူခြင်းသို့ ဆိုက်ရောက်သွားနိုင်ပါပြီ။

"အနတ္တာ အသာရကဋ္ဌေန" ဟု ရှင်တော် မြတ်ဘုရား ဟောကြားတော် မူချက်အရ အနတ္တဆိုသည်မှာ အနှစ် အသား မရှိခြင်းကို ဆိုလိုပါသည်၊ အနှစ် အသား အရ

တဖန်ဝေဘန် သုံးသပ်ပြန်သော် ပစ္စုပ္ပန် သဘော၌ အတိတ်ကာလ အနာဂတ်ကာလ ၂-ပါး ကင်းခြင်းကိုပင် အနှစ်အသား မရှိဟု ယူနိုင်ပါသည်။

သညာ ဝိညာဏ် ၂-ပါးတို့သည် ပစ္စုပ္ပန်သဘောတရား၌ တည်ရှိကြသော သဘာဝများ ဖြစ်ကြ၍ သင်္ခတ လောကတွင် ဝါ, မျက်စိ နားလောကတွင် ပေါ်ထွက်သောအခါ အတိတ်ကာလ အနာဂတ် ကာလ ၂-ပါး ရှိမှသာလျှင် ၎င်းတို့ ပေါ်ထွက်နိုင်ပါသည်၊ အတိတ်ကာလ အနာဂတ်ကာလ ၂-ပါး ကင်းပြတ်၍ ဇာတ်သိမ်းသွားသော် ပစ္စုပ္ပန်ကာလ အတွင်း၌ ရှိကြသော သညာ နှင့် ဝိညာဏ် ၂-ပါးတို့သည် မပေါ်ထွက်နိုင်ဘဲ သုဉ်းဆိတ်သွားခြင်းကို အသာရကဋ္ဌ အနတ္တဟု ဆိုနိုင်ပါသည်။

တနည်းမှာ အတိတ် အနာဂတ် ၂-ပါးတို့၏ ပေါင်းဆုံညီညွတ်မှုကို ရမှသာလျှင် ပစ္စုပ္ပန် ကာလသည် ပေါ်ထွက်နိုင်ပါသည်၊ အတိတ်ကာလ အနာဂတ်ကာလ ၂-ပါးတို့မှာ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ ဒဏ်ချက်တွင် ဦးခေါင်းကျရရှာသောကြောင့် ပစ္စုပ္ပန်ကာလသည် အတိတ်- အနာဂတ်ဟူသော ၂-ပါး ကင်းသွားခြင်းကို အနှစ်အသား မရှိဟု ဆိုသည်၊ ထို ၂-ပါး ကင်းခြင်းသည်ပင်လျှင် ပစ္စုပ္ပန်ကာလ ရုပ် နာမ်တို့ကို ရှင်တော် မြတ်ဘုရားက အနတ္တလက္ခဏာဟု ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ဤသို့အားဖြင့် အတိတ်ကာလကို အနိစ္စ လက္ခဏာနှင့် သိမ်းဆည်းရပါမည်၊ အနာဂတ်ကာလကို ဒုက္ခ လက္ခဏာဖြင့် သိမ်းဆည်းရပါမည်၊ ပစ္စုပ္ပန်ကာလကို အနတ္တ လက္ခဏာဖြင့် သိမ်းဆည်းရပါမည်၊ ဤသို့ သိမ်းဆည်း ရခြင်းမှာလည်း လုပ်ကြံ၍ သိမ်းဆည်းရခြင်း မဟုတ်ပါ၊ သူ့သဘာဝ ဦးခေါင်း ကျရောက် လာခြင်းကို ကျရောက် လာသည့် အတိုင်း ဝေဘန် သိမ်းဆည်းခြင်းဟု မှတ်တော်မူပါ။

---

## နိဂုံးချုပ်

ဤမျှသော စကားအစဉ်ဖြင့် ပါယာသိရာဇည သုတ္တန်ကို အမှီပြု၍ ဘော်ထုတ်လိုက်သော အတိတ်ကာလ သဿတဒိဋ္ဌိ၊ အနာဂတ် ကာလ ဥစ္ဆေဒဒိဋ္ဌိ၊ ပစ္စုပ္ပန် ကာလ အတ္တဒိဋ္ဌိ၊ ၃-ပါးတို့၏ တည်နေပုံနှင့်တကွ ထို အတိတ် အနာဂတ်မရှိဟု အယူမှားသော ပုဂ္ဂိုလ်တို့အား ဒိဋ္ဌိဖြစ်ပုံတို့ကို မြင်စေလို၍ ၎င်း၊ ထိုဒိဋ္ဌိတို့ကို မစ္ဆိမ ပဋိပဒါလမ်းခေါ် ယာဉ် ၃-ပါးနှင့် တင်သွင်း၍ အလယ်လမ်း ဆိုက်ရောက်အောင် ဝေဘန်နိုင်မှ ကင်းလွတ်နိုင်ကြောင်း အကျဉ်းအားဖြင့် ဗုဒ္ဓဝါဒီပုဂ္ဂိုလ်များအတွက် တင်ဆက်ပြလိုက်ခြင်းသည် ဤမျှနှင့်ပင် ပြည့်စုံပါပြီ သဒ္ဓါတရား တိုးပွား၍ ကြိုးစားနိုင်ကြပါစေ။

သမ္မသနညာဏ် လက်တွေ့နည်း ပြီး၏။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၁၄၄၅)

ထုတ်ဝေသူ။ ။အရှင်ကဝိမဇာသိရိ ကင်းလွတ်ခွင့် အမှတ်(၀၃၉၃)
မဏ္ဍစကြာ သာသနာပြု အဖွဲ့ချုပ်၊ ကမ္ဘာအေး
ဘုရားလမ်း ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးစိန်လင်း၊ (၀၇၂၀) ရတနာသီရိစာပုံနှိပ်တိုက်၊
အမှတ် ၁၀-၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာပ။

ပါဠိဆရာ။ ။သီရိပဝရမဏ္ဍစရိယ (ပါဠိပါရဂူ) ဦးကံသာ၊

စာအုပ်ရေ။ ။၄၀၀၀ ဒုတိယ အကြိမ်

အဘိုး။ ။ဝိ

၁၃၂၀ ခု၊ တပေါင်းလပြည့်ကျော် ၁၂ ရက်။

ရတနာ သီရိ

ရတနာသီရိ စာပုံနှိပ်တိုက်၊
၁၀-၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။